ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၃၀၃)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 21 October 2024 ၁၁၆၁၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့က သရုပ်ဖော်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ယနေ့ ဖတ်စရာ

**(၂၅)ကြိမ်မြောက်က ပြီးတော့မယ်ဆိုတော့ ဒီအနုပညာတွေ တိမ်ကောပပျောက်မသွားအောင် ဆက်လက်ကျင်းပဖို့လိုတယ်။ အဓိကအရေးကြီးတာကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို နိုင်ငံတော်ကရော၊ ပညာရှင်တွေရော ဝိုင်းဝန်းထိန်းသိမ်းကြဖို့ပါပဲ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်လေးစင်း ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ**

စာမျက်နှာ » ၉

**စားရေရိက္ခာဖူလုံဖို့ သစ်တောများကို ထိန်းသိမ်းစို့**

ဆောင်းပါး စာမျက်နှာ » ၁၀



# ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ် စဉ်ဆက်မပြတ်ကြိုတင်သတိပြု

သီတင်းကျွတ်ရာသီကာလ၌ အနောက်တောင်မုတ်သုံလေသည် မြန်မာပြည်မှ ဆုတ်ခွာသွားပြီဖြစ်၍ ဥတုရာသီပုံမှန်ဖြစ်စဉ်အရ မိုးလေကင်းစင်ကာလဟု ဆိုသည်။ ဥတုသပ္ပာယ မျှတကောင်းမွန်ပြီး သာယာလှပသော လောကဓာတ်ကို ဆောင်သည်ဟုလည်းဆိုကြသည်။ သို့သော် မျက်မှောက်ကာလဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှုကြောင့် ဥတုရာသီဖောက်ပြန်ပြောင်းလဲမှုနှင့် ဆက်လက်ကြုံတွေ့နေရပြန်ရာ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်တို့ကို ကြိုတင်သတိပြုကြရမည်ဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာလက တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အဆိုပါသဘာဝဘေးဒဏ်ကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ များစွာပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ရာ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးတို့ကို ဆောင်ရွက်ပေးနေဆဲဖြစ်သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်၌ လေဖိအားနည်းရပ်ဝန်းများ၊ မုန်တိုင်းငယ်များ ဆက်လက်ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ခြင်းမရှိ၍ စိတ်သက်သာရာရခဲ့သည်။

အောက်တိုဘာလ ၁၇ ရက်နေ့ တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းအရှိန်တို့ကြောင့် လည်းကောင်း၊ မိုးရာသီကုန်ဆုံးသည်နှင့် နေ့အချိန်တွင် အပူရှိန်ပြန်လည်မြင့်တက်လာသဖြင့် အပူပြန်တိမ်တိုက်များ ဖြစ်ထွန်းအားကောင်းလာခြင်းကြောင့် လည်းကောင်း အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသက ကြိုတင်အသိပေးထားသည်။

ထို့အပြင် ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ အောက်တိုဘာလ ၂၀ ရက်နေ့တွင် လေဖိအားနည်းဆဲလ်တစ်ခုဖြစ်ပေါ်နိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျား၍ ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာလ ၂၂ ရက်နေ့၌ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းခဲ့သည်။ ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိခဲ့ပြီး အဆိုပါဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့၌ အောက်တိုဘာလ ၂၁ ရက်နေ့(ယနေ့)တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းချက်ကို အသိပေးထားသည်။

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့်နှစ် အင်အားအလွန်ပြင်းထန်သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်သာမက တစ်နှစ်ပတ်လုံးဖြစ်ပေါ်လာခဲ့သော ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်အခြေအနေများကို စဉ်ဆက်မပြတ် ကြိုတင်အသိပေးထုတ်ပြန်ပေးခဲ့သည်။ မိုးလေဝသဖြစ်စဉ်များကို အနီးစပ်ဆုံးကြိုတင်အသိပေးထုတ်ပြန်နိုင်သောကြောင့် ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ရှောင်ရှားနိုင်ခဲ့သဖြင့် ထိခိုက်သေဆုံးမှုများအား အနည်းဆုံးအခြေအနေသို့ လျှော့ချနိုင်ခဲ့သည်ကို မိုခါမုန်တိုင်းကာလက သက်သေပြခဲ့ပြီးဖြစ်သည်။ ယခုကာလဖြစ်ပေါ်ခဲ့သည့်အခြေအနေများတွင် ရုတ်တရက် ဖြစ်ပေါ်လာသော ရေကြီးရေလျှံ သဘာဝဘေးအန္တရာယ်ကို မရှောင်လွှဲနိုင်သဖြင့် ထိခိုက်ပျက်စီးသေဆုံးမှုများ များပြားခဲ့သည်။

ယခုအခါ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်ကြောင့် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်လျက်ရှိရာ ဖြစ်ပေါ်နိုင်သည့်ဒေသများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်အသိပေးထုတ်ပြန်ထားသည်။ ထို့ကြောင့် ပြီးခဲ့သည့်သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကို သင်ခန်းစာယူပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် သဘာဝဘေးကျရောက်နိုင်သည့်ဒေသများမှ ပြည်သူများက ဆောင်ရွက်ဖွယ်ရာများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုဖြစ်ပေါ်နေသော မိုးလေဝသဖြစ်စဉ်ကို ကြိုတင်သတိပြုနိုင်အောင် အသိပေးထားပြီးဖြစ်၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်းတို့ ကြုံတွေ့နိုင်သော ဒေသများမှ ပြည်သူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ မဖြစ်မီက ကြိုတင်ပြင်ဆင် ဆောင်ရွက်ဖွယ်ရာများကို ပြုလုပ်ထားနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၂၆၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၁ ရက်မှ ၂၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၂၆၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့ ရေးဟောင်းသမိုင်းဝင် ရွှေချက်သိုစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်

**ရွှေဘို အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ရေးဟောင်းသမိုင်းဝင် ရွှေချက်သိုစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါစေတီတော်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုမြို့နယ် သံဃနာယကဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၅)စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူးနှင့် အရာရှိစစ်သည်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသလင်္ကာရာသီဝံသ က အနုမောဒနာတရားတော် ဟောကြားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

အဆိုပါလှူဒါန်းမှုတွင် ရွှေဘိုခရိုင်မြို့နယ်ဌာနဆိုင်ရာများ၊ ရွှေဘိုတပ်နယ်မှူးနှင့် အရာရှိစစ်သည် မိသားစုဝင်များ၊ မြို့မိမြို့ဖနှင့် စေတနာရှင် အလှူရှင်များက ငွေကျပ် ၃၃၆၀၀၀၀၀ ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်အကအဖွဲ့ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

❋ ရှေ့ဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့် အတူ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် Plenary Hall ၌ကျင်းပသည့် ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အကအဖွဲ့တစ်ဖွဲ့ချင်းစီက ချင်းပြည်နယ်၏ သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် **"ချင်းတောင်တန်းမှ ကြိုဆိုလျက်"** ချင်းရိုးရာတေးသီချင်းနောက်ခံဖြင့် လှပကြော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာ ကကြိုး၊ ကကွက်များကို ချင်းအလှ၊ ချင်းဟန်တို့ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်မှုများကိုကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယှဉ်ပြိုင်ကပြမှုများ အပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက်အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ပြိုင်ပွဲများသို့ တက်ရောက်လာကြသူများနှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပလျက်ရှိသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင်"ဝေဿန္တရာ"ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရတနာပုံရုပ်စုံ သဘင်အဖွဲ့က "ဝေဿန္တရာ" ဇာတ်တော်ကြီးတွင် ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက်ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့်ဓမ္မနှင့် အဓမ္မ အားပြိုင်မှုတို့ကို အနှစ်သာရရှိရှိ ပေါ်လွင်အောင်ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် သရုပ်ဖော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ရုပ်စုံသဘင်အဖွဲ့လိုက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ်ပြိုင်ပွဲတွင် ရုပ်စုံသဘင်ပြိုင်ပွဲအဖြစ် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် ရုပ်သေးပညာပြန်လည်ပြီး တစ်ခေတ်ဆန်းသစ်လာခဲ့ကြောင်း၊ အကြောင်းကြောင်းကြောင့် ကျင်းပခြင်းမပြုနိုင်ခဲ့သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးနှင့်အတူ ရုပ်သေးအနုပညာရပ်သည် တိမ်မြုပ်ပျောက်ကွယ်သကဲ့သို့ဖြစ်နေခဲ့ရခြင်းကြောင့် (၂၃)ကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှစတင်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရန်နှင့် မြန်မာ့ရုပ်သေးပညာရပ်၊ မြန်မာ့ရုပ်စုံပညာရပ်များ ပြန်လည်ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်းနှင့် "ဝေဿန္တရာ" ဇာတ်တော်ကြီးကို အလောင်းတော် ဝေဿန္တရာမင်းကြီးဖြည့်ဆည်းကျင့်ကြံခဲ့သော ဒါနပါရမီ၏ မြင့်မြတ်နက်ရှိုင်းမှုကို ကြည်ညိုသဒ္ဓါပွားများနိုင်စေရန်၊ ဒါနပါရမီအထွတ်တက်လျက် အခြံအရံပါရမီများအကြောင်းကို သိရှိနာယူကျင့်သုံးနိုင်စေရန်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ သုတ၊ ရသကို ပိုမိုသိရှိနားလည်လာခြင်းအားဖြင့် အသိဉာဏ်၊ ကိုယ်ကျင့်တရား ပိုမိုမြင့်မားလာစေရန် စသည့်ဦးတည်ချက်များဖြင့် ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်မှု အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၀**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ မဟာဇနကဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု သီရိဇေယျာ ဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

ယနေ့တွင် "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး"တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု မကြည်စင်သန့်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မဖူးဖူးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မအိမ့်မြတ်မွန်နှင့်အဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု မအိန္ဒြာမြင့်မြတ်မွန် ကိုယ်စားပြု မဥာဏ်မြတ်သွန်းနှင့်အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု မဖြိုးဖြိုးဝေနှင့်အဖွဲ့တို့က အခြေခံကဗျာလွတ် ကကြိုးကကွက်များကို အဖွဲ့လိုက် ညီညာလှပ ကျွမ်းကျင်ပိုင်နိုင်စွာ ကပြယှဉ်ပြိုင်ကြသည်။

ထို့နောက် ချင်းတိုင်းရင်းသားရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် ကိုယ်စားပြု မောင်ဘောမ်ချမ်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု နန်းဇင်မီမီမိုးနှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီး မောင်ကောင်းစံဟိန်းနှင့် အဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြုမောင်ပိုင်ထက်နှင့်အဖွဲ့၊ မွန်ပြည်နယ် ကိုယ်စားပြု မောင်အောင်စိုးမိုးနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မောင်စိုးမင်းသူနှင့် အဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြုကို ချင်းအလှ၊ ချင်းတို့ဟန်ဖြင့် ပေါင်းစပ်ကာ ကပြယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲ






ပြည်ထောင်စု ဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဥမကွဲသိုက်မပျက်"သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာပြည်ခရီးစဉ်" သီချင်းဖြင့် လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။






ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများ အဆင့်မြင့်ပညာအဆင့် အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

**အခြေခံကဗျာလွတ် ကကြိုး ကကွက်များကို ကပြယှဉ်ပြိုင်**

မြန်မာအကအခြေခံကဗျာလွတ် အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ် ကိုယ်စားပြု မိရွှေရည်ဖူးပွင့်နှင့်အဖွဲ့၊ ကယားပြည်နယ်ကိုယ်စားပြု မနီဝင်းထွန်းနှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မသိမ့်ကြည်ကြည်လင်းဦးနှင့်အဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု မနေခြည်ထက်ခန့်နှင့် အဖွဲ့၊ ကချင်ပြည်နယ်ကိုယ်စားပြု မလဖိုင်နန်ထွမ်ဆမ်နှင့် အဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု မထွန်းရတနာဗိုလ်နှင့်အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မဆုသစ်သစ်နှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး

ချင်းတိုင်းရင်းသား ရိုးရာအလွတ်တန်းအဆင့် အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ချင်းပြည်နယ် ယဉ်ကျေးမှု အကအဖွဲ့က ချင်းတိုင်းရင်းသားရိုးရာအကကို ချင်းရိုးရာ ကကြိုးကကွက်များ စုံလင်စွာ စံပြအနေဖြင့် ကပြကြသည်။

ကိုယ်စားပြု မောင်ထွန်းပြည့်အောင်နှင့်အဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု မိဝင်းရတနာဇင်မျိုးထွေးနှင့် အဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု မောင်အာကာပြည့်ဖြိုးနှင့် အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု မောင်စိုးမင်းသူနှင့်အဖွဲ့၊ တနင်္သာရီ တိုင်းဒေသကြီး ကိုယ်စားပြု ဦးကျော်ထက်အောင်နှင့် အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဦးအောင်ပြည့်စုံနှင့် အဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ဆလိုင်းသော်တာဝင်းနှင့် အဖွဲ့တို့က ချင်းပြည်နယ်၏ သဘာဝအလှတရားများနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် "ချင်းတောင်တန်းမှ ကြိုဆိုလျက်" သီချင်းနောက်ခံဖြင့် လှပကျော့ရှင်းသည့် ချင်းတိုင်းရင်းသားရိုးရာ ကကြိုး ကကွက်များ

တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**စာမျက်နှာ ၅ သို့ »»»**

»»» စာမျက်နှာ ၄ မှ




ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

မယ်ဒလင်အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အတိုင်းမသိ”(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ပန်းဟောဝန်”(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဆန်းနွှေဦး” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဂုဏ်တော်ဖွင့်”(ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သည်ဆောင်းဟေမန်” (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကုဏ္ဍလာအိုင်ဘွဲ့” (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မြူဝန်းလို့ခို” (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “မန္တလာဘုံ”(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့မှ ပြိုင်ပွဲဝင်များက “မြမန်းဂီရိ” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက“မင်္ဂလာဆယ့်နှစ်ပါး” (ကာလပေါ်)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျွန်းကျွန်းပိုင်သ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျွန်းကျွန်းပိုင်သ” (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရှစ်စုံရွက်ကြာ”(ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မှိုင်းရိပ်ကယ်တည့်”(ကြိုး) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လျှပ်ပန်းခွေနွဲ့” (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ရဂုံဟေမန်” (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မော်တင်လယ်” (ပတ်ပျိုး)သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သမုဒ္ဒဝါဏိဇ ဇာတ်တော်”ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက် ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ရတနာပုံ ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဆန်းနွှေဦး”




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

**အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်**

ဇာတ်တော်ကြီး ပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု သီရိဇေယျာ ဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

စာမျက်နှာ ၈ သို့ »»»

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ သတ္တမနေ့မြင်ကွင်း





ချင်းတိုင်းရင်းသားရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မောင်အောင်စိုးမိုးနှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးသိန်းထိုက်စိုး(ခ)ဇင်သူ ယှဉ်ပြိုင်စဉ်။





ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် မဟာဇနကဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု သီရိဇေယျာဇာတ်တော်ကြီးအဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်ဟိန်းထက်ကျော် ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်အာကာမင်းခန့်(ခ)အာကာမိုး ယှဉ်ပြိုင်စဉ်။






ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး အဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးရဲကျော်သူ ယှဉ်ပြိုင်စဉ်။

အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) မယ်ဒလင် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မနှင်းနှင်းအေး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ဖော် ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ကဗျာလွတ်အကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မသိမ့်ကြည်ကြည်လင်းဦးနှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မစန်းမြင့်သူ (ခ) စန်းစန်းအေး ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မမြတ်ဖူးသွယ်ချွန် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးဝင်းကိုကို ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) ကွက်စိပ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ဦးအောင်ကြည်စိုး ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဆုပြည့်သူ ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တင်ရေး အဆိုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မပေဟမာန်ကျော် ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့် အရေးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဦးစည်သူမင်း ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲတွင် ဝေဿန္တရာဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ရတနာပုံရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြ ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက်က ပြီးတော့မယ်ဆိုတော့ ဒီအနုပညာတွေ တိမ်ကောပပျောက်မသွားအောင် ဆက်လက်ကျင်းပဖို့လိုတယ်။ အဓိကအရေးကြီးတာကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို နိုင်ငံတော်ကရော၊ ပညာရှင်တွေရော ဝိုင်းဝန်းထိန်းသိမ်းကြဖို့ပါပဲ

ဒေါက်တာရဲခွေး

တွေ့ဆုံမေးမြန်း - ခိုင်သန္တာရွှေ
ဓာတ်ပုံ - အလင်းသစ်

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ သတ္တမမြောက်နေ့အဖြစ် ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲတွင် တာဝန်ယူကြရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်-


ဒေါက်တာရဲခွေး


ဦးစိန်ဝင်းနိုင်


ဦးရွှေသွေး


မောင်ခန့်ကိုငြိမ်း


မောင်ဇွဲထက်အောင်

**ဒေါက်တာရဲခွေး (ရုပ်သေးပညာရှင်)**
**ရုပ်စုံသဘင်အကဲဖြတ်အဖွဲ့ ခေါင်းဆောင်**

ကျွန်တော်ကိုယ်တိုင်ကလည်း ၁၉၆၆ ခုနှစ်ကနေ ၁၉၇၃ ခုနှစ်အထိ ရှစ်နှစ်လောက် ရုပ်သေးအဖွဲ့ဖွဲ့ပြီး တည်ထောင်ကပြခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်ကတည်းကနေ ကျင်းပပေးခဲ့တာဖြစ်လို့ နိုင်ငံတော်ကို ကျေးဇူးအများကြီး တင်ပါတယ်။ ဒီအနုပညာတွေက အဟောင်းဖြစ်တာကြောင့် ပျောက်ချင်တဲ့သဘောလေးတွေရှိတယ်။ (၂၅) ကြိမ်မြောက်အထိ ပြိုင်ပွဲကြီးတွေ ဘာမှမလုပ်ခဲ့ဘူးဆိုရင် မြန်မာမှုတွေ၊ သဘင်ဂီတတွေ ပျောက်သွားနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကို ကျေးဇူးတင်လို့ မဆုံးပါဘူး။ (၂၅) ကြိမ်မြောက်က ပြီးတော့မယ်ဆိုတော့ ဒီအနုပညာတွေ တိမ်ကောပပျောက်မသွားအောင် ဆက်လက်ကျင်းပဖို့လိုတယ်။ အဓိကအရေးကြီးတာကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို နိုင်ငံတော်ကရော၊ ပညာရှင်တွေရော ဝိုင်းဝန်းထိန်းသိမ်းကြဖို့ပါပဲ။ ရန်ကုန်နဲ့ မန္တလေးယဉ်ကျေးမှု တက္ကသိုလ်တို့မှာလည်း နိုင်ငံခြားရုပ်သေးပညာရပ်တွေရှိတယ်။ အဲဒါတွေလည်း လေ့လာဖို့ကောင်းတယ်။ ရုပ်သေးပညာရပ်က အင်းဝခေတ်ကတည်းက ပေါ်ထွန်းခဲ့တာပါ။ အင်းဝခေတ်မှာ ရှင်မဟာရဋ္ဌသာရ ရေးသားထားတဲ့ပျို့တွေ၊ လင်္ကာတွေထဲမှာပါတယ်။ ဘူရိဒတ်လင်္ကာကြီးမှာဆိုရင် ကြိုးဆွဲငင်ချ အရုပ်ကဆိုတာတွေ ပါတယ်။ ရုပ်သေးအကထဲမှာ မင်းသမီးအကက အခက်ခဲဆုံးဖြစ်ပါတယ်။ ဒါကတော့ အဘရဲ့ အယူအဆပါ။ တခြားပညာရှင်တွေက တစ်မျိုးပြောချင်ပြောမှာပေါ့။ ဒုတိယခက်တာက မင်းသားအက ဖြစ်ပါတယ်။ လက်ဆင့်ကမ်းထိန်းသိမ်းဖို့နဲ့ ပျောက်ကွယ်မသွားဖို့ကတော့ ရန်ကုန်နဲ့ မန္တလေးယဉ်ကျေးမှု တက္ကသိုလ်တွေက တာဝန်အရှိဆုံးဖြစ်သလို ပညာရှင်တွေလည်း အရေးကြီးပါတယ်။

**ဦးစိန်ဝင်းနိုင်**
**ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ**
**အကဲဖြတ်ဒိုင်အဖွဲ့ဝင်**

ဒီနှစ်ကလေးတွေက အားရစရာကောင်းပါတယ်။ အားလုံးကလည်း တိုးတက်မှုရှိတယ်။ ကြိုးလည်း ကြိုးစားကြပါတယ်။ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲမှာ နှစ်တိုင်းအကဲဖြတ်အဖွဲ့ဝင်အနေနဲ့ တာဝန်ယူခဲ့တာဖြစ်ပါတယ်။ ဆိုင်းပညာရပ်က ကောင်းတိုင်းလည်းမတော်၊ တော်တိုင်းလည်း မကောင်းဘူးလေ။ ဝါသနာပါတိုင်းလည်း မဖြစ်ဘူး။ ပါရမီကလည်း ရှိဦးမှ။ သင်ပေးတဲ့ဆရာနဲ့ ကိုယ့်ရဲ့အသိုင်းအဝိုင်းကလည်း အားပေးမှုရှိမှပါ။ ဆိုင်းပညာရပ်က တော်တော်လေးခဲယဉ်းပါတယ်။ ပါရမီပါပေမယ့် ကြိုးစားအားထုတ်မှု နည်းရင် တတ်မြောက်ဖို့မလွယ်ဘူး။ ပါရမီ ဓာတ်ခံရယ်၊ ကြိုးစားအားထုတ်မှုရယ်၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းတွေကောင်းမှ ဆိုင်းအတတ်ပညာက တတ်မြောက်မှာ ဖြစ်ပါတယ်။ ဆိုင်းဝိုင်းထဲမှာ ပတ်လုံးက ၂၁ လုံးရှိတယ်။ အဲဒီ ၂၁ လုံးထဲမှာ အသံကို ဝှက်တီးရတာတို့လည်း ရှိသေးတယ်။ သင်ယူစဉ်ကတည်းက ဆရာတွေက အခြေခံကျကျ သင်ပေးမှ တတ်မြောက်လာတဲ့အချိန်ကျရင် ဒါကြောင့် လက်မနဲ့ ထောက်ပြီး တီးတာက ဘယ်လို၊ လက်ညှိုးနဲ့ ထောက်တီးတာက ဘယ်လိုဆိုတာသိမှာ။ သုံးလုံးဆိုင်၊ လေးလုံးဆိုင်၊ ငါးလုံးဆိုင်၊ ခြောက်လုံးဆိုင်ဆိုတာတွေလည်းရှိတယ်။ မြန်မာစာ ကကြီး၊ ခကွေး မတတ်ဘဲ ကိုယ့်နာမည်ရေးဖို့မလွယ်သလိုပါပဲ။ ကျွန်တော်တို့ မြန်မာ့ဆိုင်းလည်း အဲဒီလိုပါပဲ။ ဆိုင်းပညာရပ်ရဲ့ အခြေခံကတော့ စည်းနဲ့ဝါးပါပဲ။ သတ်မှတ်ထားတဲ့ ကြိုးသီချင်း၊ ယိုးဒယားသီချင်း၊ ပတ်ပျိုး၊ သီချင်းခံ၊ ဘွဲ့တို့က တဖြည်းဖြည်းတတ်လာတာ။ သင်ပေးတဲ့ဆရာက အရေးအကြီးဆုံးပါပဲ။ စည်းနဲ့ဝါးက ဘယ်လက်ကို ဘယ်လိုထားရမယ်၊ ညာလက်ကို ဘယ်လိုထားရမယ်ဆိုတာတွေက တစ်ဆင့်ပြီး တစ်ဆင့် တတ်မြောက်ရတာဖြစ်ပါတယ်။ ပတ်လုံးရဲ့အရင်းမှာ မရှိတာကို အဖျားမှာ တီးရတာတို့၊ အဖျားမှာမရှိတာကို ပတ်လုံးနဲ့ တွဲတီးရတာတို့တွေ ရှိတယ်။ မြန်မာ့အနုပညာကို ဝါသနာမပါတဲ့ ကလေးတွေကတော့ ခေတ်ရဲ့ ပေါ်လစီကို လိုက်ကြတာဖြစ်တယ်။ ခေတ်သီချင်းကတော့ မြန်မာ့အနုပညာလောက် မခဲယဉ်းပါဘူး။ ခေတ်ပေါ်ကလည်း မြန်မာ့ဆိုင်းပညာတို့၊ မြန်မာ့တူရိယာစောင်းပညာတို့၊ တယောတို့၊ ဒုံမင်းတို့ကနေ ဆင်းသက်လာတာပါပဲ။ ခက်ခဲနက်နဲတာကတော့ မြန်မာ့ဆိုင်းပညာပဲ ဖြစ်ပါတယ်။ အခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ ကျင်းပပေးခြင်းအားဖြင့် နောင်အနာဂတ်မျိုးဆက်သစ်တွေ ပေါ်ထွန်းလာမယ်လို့လည်း ယုံကြည်ပါတယ်။

**ဦးရွှေသွေး**
**ကွက်စိပ်ပြိုင်ပွဲဝင်**
**ဝါသနာရှင်(ပထမတန်း)**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

အခု ဒီဇာတ်တော်ကတော့ မြတ်စွာဘုရား နုစဉ်ကာလက အင်္ဂုလိမာလတစ်ဖြစ်လဲ လူသားစား ပေါရိသာဒကို တရားပြ နားချတဲ့သဘောပါ။ အခုကွက်စိပ်ပြိုင်ပွဲမှာ မဟာသုတသောမဇာတ်ကို ကိုယ်တိုင်ဇာတ်ညွှန်းရေးပြီး ဝင်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဒီပညာကို ကိုးနှစ်သားကတည်းက လေ့လာခဲ့တာပါ။ ကျွန်တော့်ရဲ့ အစ်ကိုအကြီးဆုံး ကိုပေါ်လာဆိုတဲ့ လူရွှင်တော်ကြီးတစ်ယောက် ရှိပါတယ်။ သူက လူရွှင်တော်လုပ်ပါလား သင်ပေးမယ်ဆိုပြီး ကျောင်းနားတဲ့ စနေ၊ တနင်္ဂနွေဆိုရင် ပြက်လုံးတွေသင်ပေးတယ်။ အဲဒီတုန်းက ရန်ကုန် မော်တင်ဘက်မှာ အငြိမ့်ပွဲတွေရှိတယ်။ အဲဒီမှာ သွားကရင်း ဇာတ်လောကထဲကို ရောက်သွားတာ ဖြစ်ပါတယ်။ အရင်နှစ်က မဟောသဓာဇာတ်တော်ကြီးနဲ့ ဝင်ပြိုင်ခဲ့သလို အခုနှစ်လည်း ဇာတ်တော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်နေပါတယ်။ ၁၉၉၆ ခုနှစ်လောက်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ အငြိမ့်နဲ့ ဝင်ပြိုင်ခဲ့ဖူးပါတယ်။ (၂၅)ကြိမ်မြောက် ငွေရတုသဘင်ကြီးမှာ ဦးရွှေသွေးအနေနဲ့ ဇာတ်တော်ကြီးနဲ့ ကွက်စိပ်ပြိုင်ရမယ်နော်ဆိုပြီး ပြောထားလို့ ဝင်ပြိုင်ဖြစ်ခဲ့တာပါ။ နိုင်ငံတော်အကြီးအကဲတွေက အနုပညာရှင်တွေကို မြှောက်စားပေးတဲ့ပွဲမှာ ကိုယ်လည်း ပါတယ်ဆိုတော့ ပီတိဖြစ်ပါတယ်။ နောက်လည်း ဒီလိုပွဲတွေ ကျင်းပစေချင်တယ်။ ကိုယ်က ဒီပညာနဲ့ပဲ ထမင်းစားရတာဆိုတော့ ပြိုင်ပွဲကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။ မျိုးဆက်သစ်တွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ အသက်အရွယ်က ချန်ထားစရာပဲရှိတာပါ။ ယူသွားစရာမရှိပါဘူး။ အခုခေတ်က ကိုယ်ကခေါ်ပြီး ပေးနေရတဲ့ခေတ်ဖြစ်နေပြီ။ လူငယ်တွေလည်း မပေါ့ပါနဲ့။ ဒီပညာက တကယ်တန်ဖိုးရှိပါတယ်။ ရိုးရာပညာဖြစ်သလို ကမ္ဘာမှာ မျက်နှာမငယ်ပါဘူး။ တကယ်ထဲထဲဝင်ဝင်လေ့လာကြပါ။ ရိုးရာပျောက်ရင် လူမျိုးပျောက်မယ်။ လူငယ်တွေကို လက်ဆင့်ကမ်းချင်ပါတယ်။ ကိုယ့်ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထားကြပါလို့ ပြောချင်ပါတယ်။

**မောင်ခန့်ကိုငြိမ်း**
**အတီး(ပတ္တလား)ပြိုင်ပွဲဝင်**
**အခြေခံပညာ(အသက် ၁၀-၁၅ နှစ်)**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**

အတီး (ပတ္တလား) ပြိုင်ပွဲမှာ မင်္ဂလာသိရိသီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ပတ္တလားပညာကို အသက် ၁၀ နှစ်ကတည်းက လေ့လာသင်ယူခဲ့တာပါ။ အဖေကဆိုင်းဆရာဆိုတော့ ငယ်ငယ်ကတည်းက ဒီပညာကို လေ့လာဖို့ စိတ်ကူးခဲ့တာပါ။ ကျောင်းဂုဏ်ပြုပွဲတွေမှာလည်း မောင်းဆိုင်းတီးပြီး ဖျော်ဖြေခဲ့ပါတယ်။ အတန်းပညာကတော့ Grade-6 ဖြစ်ပါတယ်။ အရင်နှစ်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ဝင်ပြိုင်ဖူးပေမယ့် အခုလို ဗဟိုအဆင့်တော့ မရောက်ခဲ့ပါဘူး။ ပတ္တလားပညာရဲ့လက်ဦးဆရာကတော့ အဖေပါ။ ဒီပြိုင်ပွဲဝင်ပြိုင်ဖို့အတွက် တစ်လလောက်အချိန်ယူ လေ့ကျင့်ခဲ့ရပါတယ်။ သားကြီးလာရင် ဆိုင်းဆရာလုပ်ဖို့ ရည်ရွယ်ထားပါတယ်။ ဆိုင်းဝိုင်းကြီးလည်း တီးတတ်ပါတယ်။ အဓိက ဝါသနာပါတာကတော့ ဆိုင်းဝိုင်းကြီးပါ။ ဆိုင်းဝိုင်းကြီးက ခရိုင်မှာ ပထမရပေမယ့် တိုင်းဒေသကြီးမှာ ဒုတိယပဲ ရတော့ စာမျက်နှာ ၉ သို့ ❍

»»» စာမျက်နှာ ၅ မှ

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄) ရပ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ယှဉ်ပြိုင်မှုများသည် ယနေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင် အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရန်၊ မြန်မာလူမျိုးတို့၏ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များကို အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအားပြည့်ဝခိုင်မာနေစေရန် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရဦးမည် ဖြစ်သည်။

နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့်အတူ ငွေအား၊ လူအား၊ အချိန်အားများစွာစိုက်ထုတ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို အစဉ်သဖြင့် တည်တံ့ရှင်သန်နေစေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်း ပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ် – ၀၆၇ – ၄၃၁၀၆၂၊ ၀၆၇ – ၄၃၁၃၅၉၊ ၀၆၇ – ၄၃၁၀၆၇၊ ၀၆၇ – ၄၃၁၃၃၉

သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။ (ဗဟိုသန်းခေါင်စာရင်းကော်မရှင်)


## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက ဂုဏ်ပြုဖျော်ဖြေ



**နေပြည်တော် အောက်တိုဘာ ၂၀**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့်တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်သင်ကြားပေးနေသောနေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အောက်တိုဘာ ၁၉ ရက် ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များက သက်ဆိုင်ရာသင်တန်းကျောင်းများသို့ သွားရောက်ဂုဏ်ပြုသီဆိုဖျော်ဖြေကြရာ သင်တန်းသား သင်တန်းသူများက ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုအားပေးကြပြီး ပျော်ရွှင်စွာ အတူတကွ ပါဝင်သီဆိုကြသည်။

ထိုသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၏ သီဆိုဖျော်ဖြေနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကလည်း တက်ရောက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်လေးစင်း ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၀**

ရုရှားရေတပ် Russian Pacific Fleet မှ ကော်ဗက်စစ်ရေယာဉ်များ ဖြစ်ကြသည့် စစ်ရေယာဉ် Gromky၊ စစ်ရေယာဉ် Rezky နှင့် စစ်ရေယာဉ် Tsydenzhapov၊ ထောက်ပံ့ရေးရေယာဉ် Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းသို့ရောက်ရှိလာရာ တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

### ပြုလုပ်သွားမည်

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Antsiferov Alexey Vitalievich ဦးစီးသည့် အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း (Harbour Phase)များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✪

❍ စာမျက်နှာ ၈ မှ

(၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာပတ္တလားကိုပဲ ဝင်ပြိုင်ခွင့်ရခဲ့တာပါ။ ပွဲတွေရှိရင်လည်း ဆိုင်းဝိုင်းကြီးကို လိုက်တီးပါတယ်။ ဒီပြိုင်ပွဲကြီးကျင်းပပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ဖွဲ့ထက်အောင်**
**ဆိုင်းတစ်ဦးချင်းပြိုင်ပွဲဝင်**
**အခြေခံပညာ(အသက် ၁၀–၁၅နှစ်)**
**တနင်္သာရီတိုင်းဒေသကြီး**
**ကိုယ်စားပြု**

(၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ ဘာသာရပ်နှစ်ခုနဲ့ ပါဝင်ယှဉ်ပြိုင်ဖြစ်ပါတယ်။ ပတ္တလားနဲ့ ဆိုင်းတစ်ဦးချင်းဖြစ်ပါတယ်။ အတီး(ပတ္တလား) ပြိုင်ပွဲကတော့ မင်္ဂလာသီရိနဲ့ပြိုင်ဖြစ်ခဲ့တာပါ။ ဆိုင်းနဲ့ ပတ္တလားဆိုရင် ဆိုင်းကို ပိုပြီး ဝါသနာပါတယ်။ အဲဒီနှစ်မျိုးထဲမှာ အကျွမ်းကျင်ဆုံး ဘာသာရပ်ကလည်း ဆိုင်းပညာဖြစ်ပါတယ်။ အသက် ကိုးနှစ်၊ ၁၀ နှစ်လောက်ကတည်းက ဆိုင်းစတီးခဲ့တာဖြစ်ပါတယ်။ ပတ္တလားကိုတော့ ၁၂ နှစ်လောက်ကျမှ တီးဖြစ်ခဲ့တာပါ။ မိဘမျိုးရိုးကလည်း ဆိုင်းဆရာမျိုးရိုးဖြစ်ပါတယ်။ အဖေက ဆိုင်းဆရာဖြစ်ပါတယ်။ (၂၃)ကြိမ်မြောက်တုန်းကလည်း ဆိုင်းနဲ့ပတ္တလားဝင်ပြိုင်ခဲ့ပါတယ်။ ဆိုင်းမှာ တတိယရပြီး ပတ္တလားမှာ ဒုတိယရခဲ့ပါတယ်။ ဒီယဉ်ကျေးမှုအမွေအနှစ်ကို နောက်ပိုင်းကျရင် ပျောက်ပျက်မသွားရလေအောင် လုပ်ပေးရမယ့် တာဝန်ကလည်း သားတို့အနုပညာဝါသနာပါသူတွေမှာ တာဝန်ရှိပါတယ်။ ရိုးရာယဉ်ကျေးမှုဆိုတာကတော့ မပျောက်ပျက်တာအကောင်းဆုံးပါ။ တဖြည်းဖြည်းနဲ့ ဆိုင်းပညာနဲ့ အသက်မွေးတဲ့သူလည်း ရှားလာတာဖြစ်လို့ မပျောက်ပျက်စေချင်ပါဘူး။ လက်ဆင့်ကမ်းပြီး ထိန်းသိမ်းသွားဖို့လည်း ရည်ရွယ်ထားပါတယ်။

# စားရေရိက္ခာဖူလုံဖို့ သစ်တောများကို ထိန်းသိမ်းစို့

**သစ်တောမောင်**



**စားရေရိက္ခာ**

စားရေရိက္ခာဆိုသည်မှာ သက်ရှိသတ္တဝါများ ရှင်သန်ကြီးထွားနိုင်ရန်အတွက် လိုအပ်သော အာဟာရဖြစ်စေသည့်အရာများကို ဆိုလိုပါသည်။ လူတို့နေ့စဉ်သွားလာနိုင်ရန်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးရန်နှင့် ရောဂါဘယများအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အဓိကလိုအပ်သောစွမ်းအင်ကို အစာအာဟာရမှ ရရှိနိုင်မည်ဖြစ်ပါသည်။ အစားအစာများ၊ စားရေရိက္ခာများသည် လူသားတစ်ဦး၏ လူနေမှုဘဝတွင် အခြေခံအကျဆုံးလိုအပ်ချက်လည်း ဖြစ်ပါသည်။

အပင်အမျိုးမျိုးမှ အစေ့အဆန်များ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ အဆီများနှင့် တိရစ္ဆာန်များမှ အသားနှင့် အဆီ စသည့် စားရေရိက္ခာတို့ကို ရရှိပါသည်။ မြေထု၊ ရေထုတွင် ထွက်ရှိသော သဘာဝပေါက်ပင်နှင့် ရေထွက်ပစ္စည်းများ၊ လူသားများစီမံလုပ်ဆောင်သော လယ်ယာထွက်ကုန်အစုဝေးများ၊ မွေးမြူရေးအင်အားစုများသည် စားရေရိက္ခာ၏ ထုတ်ကုန်များဖြစ်ကြပါသည်။ စားရေရိက္ခာသည် လူသားတို့ အသက်ရှင်မှုအတွက် စွမ်းအင်ကိုပြည့်ဝစေရန် အဓိက ထောက်ပံ့သော ပစ္စည်းများဖြစ်ပါသည်။

စားရေရိက္ခာကို အာဟာရဆက်စပ်မှု အမျိုးအစားအားဖြင့် အခြေခံအုပ်စုကြီး လေးမျိုး ခွဲခြားနိုင်ပါသည်။ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများ၊ ကောက်ပဲသီးနှံများ၊ နို့ထွက်ပစ္စည်းများနှင့် အသားများဟူ၍ ဖြစ်ပါသည်။ ကမ္ဘာ့စားရေရိက္ခာအများစုကို စိုက်ပျိုးရေးနှင့် မွေးမြူရေးမှတစ်ဆင့် ရရှိပါသည်။ ဆန်၊ ဂျုံ၊ ပြောင်း၊ အာလူး၊ နေကြာဆီ၊ ပဲပိစပ်ဆီ၊ ပဲဆီ၊ နှမ်းဆီ စသည့်ဆီအမျိုးမျိုး၊ အသား၊ ငါး၊ နို့၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ အမြစ်များ၊ ပဲပင်များ၊ ဥများ၊ အနီရောင်အသားများ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် အရည်ရွှမ်းသော အစားအစာများသည် အရေးကြီးသောစားရေရိက္ခာကုန်ကြမ်းများ ဖြစ်ပါသည်။

**ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် – ၂** သည် “ဆာလောင်မွတ်သိပ်မှု လုံးဝမရှိ” ရန်ဖြစ်ပြီး “ငတ်မွတ်မှုရပ်တန့်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် ပိုမိုကောင်းမွန်သော အာဟာရရရှိရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို မြှင့်တင်ရန်” ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုပုံစံအားလုံးကို အဆုံးသတ်ရန်ရည်မှန်းထားပြီး လူသားအားလုံး အထူးသဖြင့် ကလေးငယ်များ တစ်နှစ်ပတ်လုံး အာဟာရပြည့်ဝပြီး လုံလောက်သော အစားအစာရရှိကြောင်း သေချာစေရန် ရည်ရွယ်ထားသည့် ရည်မှန်းချက်လည်း ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက် တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားရေရိက္ခာအမျိုးမျိုး ထုတ်လုပ်ရေးအတွက် နေ့စဉ် ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

**ကမ္ဘာ့စားနပ်ရိက္ခာနေ့**

ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကို စတင်တည်ထောင်သည့်နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် အောက်တိုဘာလ ၁၆ ရက်နေ့ကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလေ့ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာနှင့်အဝန်း ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုကို သတိပြုမိစေရန်ရည်ရွယ်၍ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ဤနေ့သည် စားရေရိက္ခာဖူလုံရေးနှင့် အားလုံးအတွက် အာဟာရပြည့်ဝသော အစားအစာရရှိရေး လိုအပ်ကြောင်း သတိပေးချက်တစ်ရပ်လည်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ စားရေရိက္ခာစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှု၏ အရေးပါမှုကိုလည်း မီးမောင်းထိုးပြခြင်းလည်းဖြစ်ပါသည်။

ယခုနှစ် **ကမ္ဘာ့စားနပ်ရိက္ခာနေ့**၏ ဆောင်ပုဒ်မှာ **“ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး” (Right to Foods for a Better Life and Better Future)** ဖြစ်သည်။ လူသားတိုင်းအတွက် ပိုမိုကောင်းမွန်သော ဘဝရရှိရေး၊ ကောင်းမွန်ပြည့်စုံသော အနာဂတ်ကို ပိုင်ဆိုင်နိုင်ရေးအတွက် အစားအစာလုံလောက်မှု၊ ရနိုင်မှုနှင့် လူတိုင်းလက်လှမ်းမီနိုင်မှုကို အခြေခံအခွင့်အရေးတစ်ရပ်အဖြစ် မီးမောင်းထိုးပြခြင်းဖြစ်သည်။ ယခုနှစ် **ကမ္ဘာ့စားနပ်ရိက္ခာနေ့** တွင် အောက်ဖော်ပြပါ သတင်းစကားများကိုလည်း မျှဝေထားသည်ကို လေ့လာတွေ့ရှိရပါသည် –

- ရာသီဥတုပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပွားမှု၊ ပဋိပက္ခများဖြစ်ပွားမှု၊ စီးပွားရေးကျဆင်းမှု၊ မညီမျှမှုနှင့် ကပ်ရောဂါဖြစ်ပွားမှုတို့ကြောင့် ကမ္ဘာပေါ်ရှိ လူပေါင်း ၇၃၃ သန်းခန့်သည် ငတ်မွတ်မှုနှင့် ရင်ဆိုင်နေရခြင်း။
- ကမ္ဘာပေါ်ရှိ လူပေါင်း ၂ ဒသမ ၈ ဘီလီယံကျော်သည် ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံအတိုင်း ဝယ်ယူစားသုံးရန် မတတ်နိုင်ကြခြင်း။
- လူသားသန်းပေါင်း ၆၀၀ ခန့်သည် အသက်မွေးဝမ်းကျောင်းအတွက် ရေ၊ နေ၊ အစာအာဟာရစနစ်များပေါ်တွင် အနည်းဆုံး တစ်စိတ်တစ်ပိုင်း မှီခိုနေရခြင်း။
- ကမ္ဘာ့စားရေရိက္ခာ၏ သုံးပုံ တစ်ပုံခန့်ကို တစ်နိုင်တစ်ပိုင် လယ်ယာလုပ်ကိုင်သူများမှ ထုတ်လုပ်ပေးခြင်း။
- ကမ္ဘာ့ဒေသတိုင်းတွင် အရွယ်ရောက်ပြီးသူအမျိုးသမီးများသည် အမျိုးသားများထက် စားရေရိက္ခာဖူလုံမှုမရှိခြင်းကို ကြုံတွေ့နေရခြင်း၊ အမျိုးသမီးများသည် စားရေရိက္ခာဖူလုံမှုမရှိခြင်း၏ အကျိုးဆက်ကို အမျိုးသားများထက် ၁ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုခံစားကြရခြင်း။
- ဗက်တီးရီးယား၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးကောင်များ၊ အဆိပ်အတောက်များနှင့် ဓာတုပစ္စည်းများပါသော အစားအစာများကို စားသုံးခြင်းကြောင့် နှစ်စဉ် လူဦးရေသန်း ၆၀၀ ကျော် နာမကျန်းဖြစ်ပြီး လူပေါင်း ၄၂၀၀၀ ခန့် သေဆုံးလျက်ရှိခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းသည် အရေးကြီးသော နိုင်ငံတကာပြဿနာဖြစ်သည်။
- ကမ္ဘာပေါ်တွင် ခန့်မှန်းခြေအားဖြင့် လူပေါင်း ၈၁၅ သန်းသည် အာဟာရချို့တဲ့လျက်ရှိပြီး တစ်နေ့လျှင် ကလေး ၁၆၀၀၀ ကျော်သည် ငတ်မွတ်ခေါင်းပါးခြင်းကြောင့် သေဆုံးနေကြဟု ဆိုပါသည်။

ယနေ့အချိန်အခါတွင် ကမ္ဘာနှင့်တစ်ဝန်း ရာသီဥတုပြောင်းလဲခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာအာဟာရလျော့နည်းလာခြင်း၊ မြေအဆင့်အတန်းလျော့ကျခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ ရေခန်းခြောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ပိုးမွှားများကျရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်လျက်ရှိပြီး စားရေရိက္ခာထုတ်လုပ်မှုပမာဏ လျော့နည်းကျဆင်းခြင်း၊ အရည်အသွေးများကျဆင်းခြင်း၊ စားရေရိက္ခာရှားပါးခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ အစာရေစာချို့တဲ့ခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် စားရေရိက္ခာပြတ်လပ်ခြင်းသည် အစာငတ်မွတ်ခြင်းကို ဖြစ်စေပါသည်။ အာဟာရပြည့်ဝသော၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများ လုံလောက်စွာ စားသုံးနိုင်မှသာ ဘေးရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်းမည်ဖြစ်ပါသည်။

**သစ်တောများမှ ပံ့ပိုးပေးသော စားရေရိက္ခာများ**

ယခုအခါတွင် ကမ္ဘာ့နိုင်ငံများ တွေ့ကြုံနေရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ စိန်ခေါ်မှုများ၊ စားရေရိက္ခာဖူလုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရန် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature–based solutions) ကို အသုံးပြုရန် အလေးပေးဆောင်ရွက်လာကြပါသည်။ သစ်တောများနှင့် သစ်တောဂေဟစနစ်သည် ပစ္စုပ္ပန်နှင့် အနာဂတ်စားရေရိက္ခာဖူလုံရေး မြှင့်တင်ရာတွင် အလွန်အရေးကြီးပြီး မရှိမဖြစ်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဥပမာအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry) နည်းစနစ်များသည် စားရေရိက္ခာဖူလုံရေးအတွက် အထောက်အကူပြုနိုင်သည့် သဘာဝကိုအခြေခံသောနည်းလမ်းဖြစ်ပြီး စားရေရိက္ခာဖူလုံခြင်း၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ခြင်း စသည့်အကျိုးကျေးဇူးများရနိုင်မည် ဖြစ်ပါသည်။

အခြေခံအားဖြင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲ စသည့် ရာသီသီးနှံပင်များ ရောနှောစိုက်ပျိုးခြင်း၊ ဆေးဖက်ဝင်ပင်များ၊ နွယ်ပင်များ အပါအဝင် ရာသီသီးနှံအပင်များ၊ နှစ်ရှည်စားပင်သီးပင်များ စိုက်ပျိုးခြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ငှက်၊ ဘဲ စသည့်အိမ်မွေးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော အဖိုးတန်သစ်တောသစ်ပင်များ၊ ကြီးမြန်ပင်များနှင့် ရောနှောစိုက်ပျိုးမွေးမြူခြင်း၊ ဒီရေတောအပင်များနှင့်အတူ ငါး၊ ပုစွန်၊ ကဏန်းတို့ ရောနှောမွေးမြူထုတ်လုပ်ခြင်း စသည်ဖြင့် စုစည်းပူးပေါင်းစိုက်ပျိုးမွေးမြူကာ မြေဧရိယာတစ်ခုတည်းမှ ကုန်ထုတ်လုပ်မှုအများဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များကို ရေရှည်အပြည့်အဝအသုံးချရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဂေဟစနစ်ကိုတည်ငြိမ်စေပြီး ရာသီဥတုကို ထိန်းညှိပေးနိုင်သည့် သစ်တောသစ်ပင်များနှင့်တွဲဖက်၍ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ခြင်းဖြင့် ကျေးရွာအဆင့်၊ ဒေသအဆင့် ရာသီဥတုမျှတပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းအပြင် သဘာဝတောများ ထိန်းသိမ်းခြင်းဖြင့်လည်း စားရေရိက္ခာဖူလုံရေး၊ အစားအစာပေါများစွာ ရရှိစေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါသည်။ သစ်တောများနှင့် သစ်တောများပြင်ပ ပေါက်ရောက်သော သစ်ပင်များ၊ လယ်ယာပတ်ဝန်းကျင်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်များသည် အထူးသဖြင့် စားရေရိက္ခာအရင်းအမြစ်များမှ ရရှိနိုင်သည့်၊ ရှားပါးသည့်အချိန်တွင် စားရေရိက္ခာအမျိုးမျိုးကို ပံ့ပိုးပေးသည့်အတွက် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံမှုအတွက် သိသာထင်ရှားသော အထောက်အပံ့များ ဖြစ်စေပါသည်။ သစ်တောသစ်ပင်များ၏ စားသုံးနိုင်သော အသီး၊ အရွက်၊ အမြစ်၊ အခေါက်၊ အပွင့်၊ အစေ့ စသည့် သစ်တောထွက်ပစ္စည်းများသည် သစ်တောများအတွင်း အလွယ်တကူရနိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတကာ အာဟာရအရည်အသွေးအပြည့်ရှိသော စားရေရိက္ခာများလည်း ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ✪

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်- ပုသိမ်- ညောင်ဦး- မန္တလေး ခရီးစဉ်မှ ခရီးသည်များအား နွေးထွေးစွာကြိုဆိုနှုတ်ဆက်

ပုသိမ် အောက်တိုဘာ ၂၀

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် MNA မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေးလေယာဉ်ခရီးစဉ်မှ ခရီးသည်များအား ယနေ့နံနက်ပိုင်းက ပုသိမ်လေဆိပ်သို့သွားရောက်၍ ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်လေဆိပ်၌ ဆိုက်ရောက်၊ ထွက်ခွာနေရာများ၊ ခရီးသည်စစ်ဆေးရေးခန်းမများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရီးသည်များ အေးချမ်းစွာနားနေနိုင်ရန်နှင့် လုံခြုံရေးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ရန်ကုန်- ပုသိမ်- ညောင်ဦး- မန္တလေး လေယာဉ်ခရီးစဉ်မှ ပုသိမ်လေဆိပ်သို့ ဆိုက်ရောက်လာရာ ခရီးသည်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများက အိုးစည်အကအဖွဲ့များဖြင့် ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ခရီးသည်များနှင့် လေကြောင်းလိုင်း တာဝန်ရှိသူများအား ပုသိမ်ဒေသထွက်အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်- ညောင်ဦးခရီးစဉ်သို့ လိုက်ပါမည့် ခရီးသည်များအား ရင်းနှီးစွာပို့ဆောင်နှုတ်ဆက်ခဲ့သည်။

ပုသိမ်လေဆိပ်တွင် ရန်ကုန်- ပုသိမ်- ညောင်ဦး- မန္တလေး လေယာဉ်ခရီးစဉ်မှ ခရီးသည်များအတွက် ပုသိမ်မြို့တွင်းရှိ ထင်ရှားသောအထင်ကရနေရာများ၊ ဘုရား၊ စေတီများ၊ ငွေဆောင်၊ ချောင်းသာစသည့် ကမ်းခြေဒေသများနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ သွားလာလည်ပတ်နိုင်ရန်အတွက် မိုက်ခရို/ မီနီဘတ် စင်းလုံးငှားပို့ဆောင်ရေး ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



❂ စာမျက်နှာ ၁၀ မှ

> သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်တွင် သစ်တောသစ်ပင်များနှင့် စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲ စသည့် ရာသီသီးနှံပင်များ ရောနှောစိုက်ပျိုးခြင်း၊ ဆေးဖက်ဝင်ပင်များ၊ နွယ်ပင်များအပါအဝင် ရာသီသီးနှံအပင်များ၊ နှစ်ရှည်စားပင်သီးပင်များ စိုက်ပျိုးခြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ကြက်၊ ငှက်၊ ဘဲ စသည့်အိမ်မွေးတိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများကို ဒေသနှင့်ကိုက်ညီသော အဖိုးတန်သစ်တောသစ်ပင်များ၊ ကြီးမြန်ပင်များနှင့် ရောနှောစိုက်ပျိုးမွေးမြူခြင်း၊ ဒီရေတောအပင်များနှင့်အတူ ငါး၊ ပုစွန်၊ ကဏန်းတို့ ရောနှောမွေးမြူထုတ်လုပ်ခြင်း စသည်ဖြင့် စုစည်းပူးပေါင်းစိုက်ပျိုးမွေးမြူကာ မြေဧရိယာတစ်ခုတည်းမှ ကုန်ထုတ်လုပ်မှုအများဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များကို ရေရှည်အပြည့်အဝအသုံးချရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ဂေဟစနစ်ကို တည်ငြိမ်စေပြီး ရာသီဥတုကို ထိန်းညှိပေးနိုင်သည့် သစ်တောသစ်ပင်များနှင့်တွဲဖက်၍ စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ခြင်းဖြင့် ကျေးရွာအဆင့်၊ ဒေသအဆင့် ရာသီဥတုမျှတပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများ ရရှိစေနိုင်

သစ်တောများမှရရှိသော အစားအစာများသည် စားရေရိက္ခာ ရှားပါးသောကာလများ၊ အရေးပေါ်ကာလများတွင် သစ်တောများမှ ပံ့ပိုးပေးသော အစားအစာများ၊ စားရေရိက္ခာ အရင်းအမြစ်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါလာပါသည်။ ဥပမာအားဖြင့် မျှစ်၊ မှိုနှင့် အသီး၊ အရွက်၊ အမြစ်များ၊ အစေ့များ အပါအဝင် စားသုံးနိုင်သော သစ်တောထွက်ပစ္စည်းများကို သန့်စင်စေရန် ဆေးကြောခြင်း၊ အခြောက်ခံခြင်း စသည်ဖြင့် ပြုပြင်ပြီး သိမ်းဆည်းထားပါက တစ်နှစ်ပတ်လုံး စားရေရိက္ခာထောက်ပံ့မှုကို ရရှိစေနိုင်ပါသည်။ တောတောင်များတွင် နေထိုင်ကျက်စားသည့် စားသုံးနိုင်သော တောကောင်ငယ်များ (bushmeat) ၏ အသားနှင့် အစားအစာများ၊ အင်းဆက်များ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကန်များမှ ငါးနှင့် ရေထွက်ပစ္စည်းများသည် ဗီတာမင်၊ ပရိုတင်း၊ အဆီ၊ သကြားနှင့် သတ္တုဓာတ်များ ကြွယ်ဝပြီး ရရှိနိုင်မှုအပေါ်မူတည်၍ တစ်နှစ်ပတ်လုံး ရာသီမရွေး စားသုံးနိုင်ပါသည်။

သစ်တောများမှရရှိသော အစားအစာများသည် ပုံမှန်စိုက်ပျိုးမွေးမြူထုတ်လုပ်သော အစားအစာများကဲ့သို့ပင် အာဟာရအရည်အသွေး ကောင်းမွန်ပါသည်။ လူသိများသည့် သစ်တောသစ်ပင်များမှ ရရှိသည့် စားသုံးနိုင်သည့် အသီးအရွက်အပွင့်များမှာ တည်းသီး၊ ချင်းတည်းသီး၊ ဖန်ခါးသီး၊ ငါးပေါက်သီး၊ တည်သီး၊ ဆီးဖြူသီး၊ ဥသျှစ်သီး၊ သရက်သီး၊ တောသရက်သီး၊ ဆီးသီး၊ ကနစိုသီး၊ သစ်တိုသီး၊ ဗာဒံစေ့၊ ကြိမ်သီး၊ မိုးသီး၊ သစ်ကြားသီး၊ သီးသီး၊ ကြောင်လျှာသီး၊ မြန်မာကုက္ကိုရွက်၊ တမာရွက်၊ မန်ကျည်းရွက်၊ ဟင်းပြင်းရွက်၊ မဲဇလီပွင့်နှင့် အရွက်၊ လက်ပံပွင့်၊ မလွှပွင့်၊ သခွတ်ပွင့်၊ ဧကရာဇ်ပွင့် စသည်တို့ဖြစ်သည်။ ဒေသအလိုက် သစ်တောများမှရရှိသော အစားအစာများစွာလည်း ရှိပါသည်။

သစ်တောထွက်ပစ္စည်းများနှင့် စားရေရိက္ခာဖူလုံရေး ဆက်စပ်မှု၊ သစ်တောများနှင့် လယ်ယာသစ်ပင်များ၏ အာဟာရပံ့ပိုးမှုသည် အရေးပါလာလျက်ရှိရာ သစ်တောအတွင်း နေထိုင်သူများနှင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်အခြေချသူများသာမက ကျေးလက်ဒေသနေပြည်သူများ၊ ဒေသခံပြည်သူများအတွက် မတူကွဲပြားသော အစားအစာများနှင့် အာဟာရအရည်အသွေးကို သိသာစွာ ဖြည့်စွက်ပေးပြီး စားရေရိက္ခာဖူလုံရေးအတွက် ပံ့ပိုးပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်ဆောင်ရွက်သော ကျေးလက်ပြည်သူများအနေဖြင့် မိမိကိုယ်ပိုင် လယ်၊ ယာများတွင်ဖြစ်စေ၊ မိမိနေအိမ်ခြံဝင်းများတွင်ဖြစ်စေ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ မွေးမြူခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များ၊ စားပင်သီးပင်များကို ထည့်သွင်းပေါင်းစပ်စိုက်ပျိုးခြင်းဖြင့် မိမိရပ်ရွာဒေသတွင် ရာသီဥတုကောင်းမွန်မျှတပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။ စားရေရိက္ခာဖူလုံပြီး လူမှုစီးပွားဖွံ့ဖြိုးနိုင်မည်ဖြစ်ပါသည်။

**စားရေရိက္ခာဖူလုံဖို့ သစ်တောများနှင့် ဂေဟစနစ်များထိန်းသိမ်းစို့**

**ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်-၁၅** တွင် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ထိန်းသိမ်းကာကွယ်ပြီး စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေး၊ သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ရေးနှင့် သဲကန္တာရဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းမှု ရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းကျဆင်းမှုရပ်တန့်စေရေးဟူ၍ ရည်မှန်းချက်ပန်းတိုင်အဖြစ် ထည့်သွင်းထားသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

လူ့အဖွဲ့အစည်းတစ်ခု စားရေရိက္ခာဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝအခြေခံအရင်းအနှီးများဖြစ်သည့် မြေသယံဇာတ၊ ရေအရင်းအမြစ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်၊ ပင်လယ်ကမ်းရိုးတန်းတို့သည် အရေးကြီးသော သဘာဝအခြေခံအရင်းအမြစ်များဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော၊ သဟဇာတမျှတသော ဂေဟစနစ်များသည် ဂေဟစနစ်ဝန်ဆောင်မှု အကျိုးကျေးဇူးများစွာကို ထောက်ပံ့နိုင်ပြီး နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများကို အောင်မြင်ရန် ပံ့ပိုးနိုင်သည်။

အဓိကအားဖြင့် အပင်များနှင့် တိရစ္ဆာန်များအတွက် နေရင်းဒေသများ ထောက်ပံ့ပေးခြင်း၊ အမျိုးမျိုးသော အစာကွင်းဆက်နှင့် အစာကွန်ရက်များကို ဖြစ်ထွန်းမြှင့်တင်ပေးခြင်း၊ မရှိမဖြစ်အရေးပါသည့် ဂေဟစနစ်ဖြစ်စဉ်များကို ထိန်းညှိခြင်းနှင့် သက်ရှိများ ဆက်လက်ရှင်သန်ရေးကို ပံ့ပိုးကူညီခြင်း၊ သက်ရှိနှင့် သက်မဲ့များအကြား ဆက်စပ်နေသော အာဟာရဖြစ်စဉ်များအတွက် ပံ့ပိုးပေးခြင်းနှင့် စွမ်းအင်၊ ကာဗွန်၊ နိုက်ထရိုဂျင်၊ အောက်ဆီဂျင်နှင့် ရေသံသရာလည်ပတ်မှုဖြစ်စဉ်များအပါအဝင် ဂေဟစနစ်အတွင်း စွမ်းအင်စီးဆင်းလည်ပတ်မှုတို့ကို ထိန်းသိမ်းကူညီခြင်း စသည့်လုပ်ငန်းများကို ကောင်းမွန်မျှတသည့် ဂေဟစနစ်က ဆောင်ရွက်ပေးပါသည်။

သစ်တောများ၊ ကမ်းရိုးတန်း ဒီရေတောများ၊ ဂေဟစနစ်များသည် အသား၊ ငါးနှင့် ရေထွက်ပစ္စည်းအပါအဝင် အစားအစာများ၊ အမျှင်ဓာတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ထောက်ပံ့ပေးရုံသာမက လေမုန်တိုင်းကျရောက်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း၊ အပူအအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို လျော့ပါးသက်သာစေပြီး ရာသီဥတုမျှတစေရန် ထိန်းညှိပေးကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စားရေရိက္ခာထုတ်လုပ်မှုလုပ်ငန်းများကို အကျိုးပြုလျက်ရှိသဖြင့် သစ်တောများထိန်းသိမ်းရေး၊ ရေတိမ်ဒေသများနှင့် ကမ်းရိုးတန်းဒီရေတောများ ထိန်းသိမ်းရေး၊ ဂေဟစနစ်များ တည်ငြိမ်ကောင်းမွန်စေရေးအတွက် အထူးအလေးထား ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများရရှိစေရန်နှင့် ဂေဟစနစ်များ တည်ငြိမ်ကောင်းမွန်စေရန်အတွက် ကျယ်ပြန့်သောအမြင်ဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု၊ သုတေသနနှင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်ခြင်း၊ မတူကွဲပြားသော သီးနှံထုတ်လုပ်မှုများအားပေးမြှင့်တင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေးသီးနှံများနှင့်နည်းစနစ်များ၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ကျယ်ပြန့်လာစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊ ဘေးကင်းပြီး အာဟာရပြည့်စုံသော အစားအစာများ ထုတ်လုပ်ခြင်း၊ အစားအစာဆုံးရှုံးမှုများ လျှော့ချခြင်း၊ အစားအသောက်ဘေးကင်းရေးနှင့် ကျန်းမာရေးကို ဦးစားပေးခြင်း၊ Corporate Social Responsibility (CSR) လုပ်ငန်းများ မြှင့်တင်ခြင်း၊ စားရေရိက္ခာထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများ၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ဆက်စပ်ပတ်သက်သူများအားလုံး ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စားရေရိက္ခာဖူလုံရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ထုတ်လုပ်နိုင်ပြီး နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

**(ယမန်နေ့မှအဆက်)**

**မ** ၏ တိုင်သံတစ်ခုမှာ မက် ဖြစ်သည်။ မက်၏အနက်လည်း ပေါင်းစည်းပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် "မက်၊ ကြိ-၁၊ တပ်မက်သည်။ စွဲလမ်းသည်။ တွယ်တာသည်။ ၂။ လှေကို ကမ်းနှင့် ကပ်အောင်ပွဲ့သည်။ ၃၊ ဆင်ကို ဝပ်စေသည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။

ဤတွင် တပ်မက်သည်၊ စွဲလမ်းသည်၊ တွယ်တာသည် တို့၏ အနက်မှာ ပေါင်းစည်းခြင်းဖြစ်သည်။ **စုံမက်၊ စွဲမက်၊ မက်မော** စသည်တို့လည်း အနက်တူများဖြစ်ကြ၍ ပေါင်းစည်းနက်ဖြစ်သည်။ အိပ်မက်မက်သည်ဆိုသည်မှာလည်း စွဲမက်သည်ပင်ဖြစ်၍ ပေါင်းစည်းနက်ပင်တည်း။

လှေလုပ်သားဝေါဟာရများတွင် **ခိုင်းမက်**ဟူသော ဝေါဟာရရှိသည်။ မြန်မာအဘိဓာန်တွင် **ခိုင်းမက်**ကို "လှေကိုပွဲ့သည်" ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ လှေကိုပွဲ့သည်ဟူသော အဓိပ္ပာယ်သည် ယေဘုယျအားဖြင့် မှန်ပါသည်။ သို့သော် အသေးစိတ်အားဖြင့် ခွဲစိတ်နိုင်ပါသေးသည်။ ခိုင်းမက်ဟူသော ဝေါဟာရသည် ခိုင်းနှင့်မက်ကို ပေါင်းထားခြင်းဖြစ်သည်။ မြန်မာအဘိဓာန်တွင်ပင် **ခိုင်း**ကို "လှေကိုကမ်းမှ ခွာထွက်အောင် လှော်ခတ် (ပွဲ့) သည်"ဟု အဓိပ္ပာယ်ဖွင့်ပြီး **မက်**ကို "လှေကို ကမ်းနှင့်ကပ်အောင်ပွဲ့သည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ယင်းတို့မှာ ခိုင်းနှင့်မက်၏ အဓိပ္ပာယ်ဖြစ်သည်။ အနက်ရင်းမှာ ခိုင်းရောမက်ပါ ပေါင်းစည်းခြင်းဖြစ်သည်။

ဆင်ကို မြေတွင်ဝပ်စေရန်အတွက် အမိန့်ပေးရာတွင် **'မက်'** ဟု ဆိုရသည်။ အဓိပ္ပာယ်မှာ မြေတွင် ကပ်ပါ၊ ဝပ်ပါဟု ဆိုလိုသည်။ ပေါင်းစည်းနက်ပင်ဖြစ်သည်။ မြေမှာကပ်၊ မြေမှာဝပ် ဆိုလိုသည်။

**မ** ၏ တိုင်သံတစ်မျိုးမှာ **မတ်**ဖြစ်ပါသည်။ အသံအားဖြင့် တစ်မျိုး၊ အရေးအားဖြင့် **မတ်** နှင့် **မပ်**ဟူ၍ နှစ်မျိုးဖြစ်ပါသည်။ **မတ်** ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ဒေါင်လိုက်တည့်သော၊ ဖြောင့်သော"ဟု ဖွင့်ဆိုထားပါသည်။ ယေဘုယျအားဖြင့် ဒေါင်လိုက်တည့်သော၊ ဖြောင့်သောဟု အဓိပ္ပာယ်ဖွင့်သော်လည်း မည်သည့်အရပ်မျက်နှာမဆို ဦးတည်၍ တည့်နိုင်၊ ဖြောင့်နိုင်သော သဘောရှိသည်။ အိမ်ကို "တန်းတန်းမတ်မတ်ပြန်ပါ"ဟု ဆိုလျှင် မတ်မတ်သည် ရှေ့သို့တူရူ ဖြောင့်ဖြောင့်တည့်တည့်ဟု သိရသည်။ "တည့်တည့်မတ်မတ်ရပ်ပါ"ဟုဆိုလျှင် မတ်မတ်သည် ဒေါင်လိုက်ဖြောင့်ဖြောင့် တည့်တည့်ဟု နားလည်ရသည်။ ဖြောင့်မတ်တည်ကြည်သူဟုဆိုလျှင် **မတ်** သည် ဖြောင့်သော အဓိပ္ပာယ်ရှိသည်။ သို့ရာတွင် ထက်အောက်ဝဲယာ ညွှန်းပြခြင်းပြုပါသည်။ ချုပ်၍ဆိုရသော် **မတ်**နှင့်တွဲသောဝေါဟာရ၏ အဓိပ္ပာယ်ကိုလိုက်၍ အဓိပ္ပာယ်ဖော်ရပါသည်။ **မတ်** ကို တည့်၊ ဖြောင့်ဟု အဓိပ္ပာယ်ဖွင့်ဆိုလျှင် ခြုံငုံမိတန်ရာသည်။

**မ** ၏တိုင်သံ တစ်မျိုးမှာ **မပ်** ဖြစ်ပါသည်။ **မပ်** ကို မြန်မာအဘိဓာန်တွင် "တိမ်းသည်၊ စောင်းသည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ **မပ်** ဟူသော ဝေါဟာရကား တွေ့ရခဲသော ဝေါဟာရဖြစ်သည်။ များသောအားဖြင့် **တိမ်း** နှင့်တွဲ၍ **တိမ်းမပ်**သည်ဟု သုံးနှုန်းမြဲဖြစ်သည်။ **တိမ်း**နှင့် **မပ်** ကို အနက်တူဟု ဆိုကြသည်။ **တိမ်း**နှင့် မတွဲဘဲလည်း **မပ်**ကို တိမ်းသည်၊ စောင်းသည်၊ ညွတ်ယိုင်သည်၊ ယိမ်းသည် ဟူသောအနက်ဖြင့် သုံးသည်ကို တွေ့ရသည်။ "စုလည်းတပ်တပ်၊ ရွှေပုံစွပ်သို့၊ မမပ်ရှေ့နောက်၊" (ဘူလင်*၃၀၇) ဟူသော အကိုးသည် ထင်ရှားသောသက်သေဖြစ်သည်။ **မပ်** ၏ ရင်းမြစ်ကိုကြံဆရန် ခက်ပါဘိ။ ကြံမိသည်ကား **မပ်**သည် **မ** ကိုပင် သက်သံ၊ တိုင်သံဖလှယ်၍ ဖြစ်လာနိုင်သည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ **တိမ်း** ကို **မ**နှင့်တွဲ၍ တိမ်း**မ** မှ တိမ်း**မပ်** ဖြစ်လာလေသလော။ **မ** နှင့် **မပ်** အသံ ပြောင်းတတ်သည်။ ကြပ်မကို ကြပ်မတ် ဟု အသံထွက်သည်။ အသုံးလည်းတွင်သဖြင့် ကြပ်မတ်ဟုပင် ရေးကြရသည်။ အကယ်စင်စစ် **မ** ၏အနက် ပေါင်းစည်းဖြစ်၍ ပေါင်းစည်းကူညီသောအနက်ဖြင့် ကူမ၊ ကယ်မ၊ ကြပ်မ၊ စောင်မ၊ ထောက်မ၊ ဖေးမ စသည့်ဝေါဟာရများ ဖြစ်လာသည်။

### ယ

**ယ** ၏ အနက်လည်း 'ပေါင်းစည်းခြင်း၊ စုဖွဲ့ခြင်း၊ ဆက်စပ်ခြင်း' တို့ဖြစ်၏။ မြန်မာအဘိဓာန်၌ **ယ** တစ်လုံး၏ အဓိပ္ပာယ်ကိုမပြပါ။ ဒုတိယကျော်အောင်စံထား ဆရာတော်က **ယ** နှင့်ပတ်သက်၍ ဝေါဟာရတ္ထပကာသနီကျမ်းတွင် အဝဂ်ဗျည်းတို့တွင် **ယ** ကာရန္တကား ယုယသည်ဟူသော ဆိုမိန့်ခြင်း **ယ** သက်သက် ဝေါဟာရထင်၏ ဟူ၍ မိန့်မှာခဲ့ပါသည်။ **ယု**နှင့်ပတ်သက်၍လည်း "**ယု** ကာရန္တ၌ကား ယခင်ယုယသည် ဟူသောအရာ၌ **ယု** ဟူသော စကားခွန်းမျှသာထင်၏ ဟူ၍ မိန့်မှာခဲ့ပါသည်။ ထိုယုယသည်ဟူသော ဝေါဟာရကား ဖြည်းညင်းသာယာ ပျောင်းညံ့သက်စွာပြုမူခြင်း အနက်တည်း" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုတော်မူပါသည်။ မြန်မာအဘိဓာန်တွင်လည်း ယုယကို ချစ်ခင်ကြင်နာစွာ ပြုစုသည်ဟူ၍ပင် အဓိပ္ပာယ်ဖွင့်ပါသည်။

စင်စစ် **ယ** ၏ အနက်သည် ဖြည်းညင်းညင်သာစွာ ထိတွေ့ခြင်း၊ ညင်သာစွာထိစပ်ခြင်း၊ ခိုအောင်းခြင်း၊ ပေါင်းစည်းခြင်းကိုပင် ဆိုလိုပါသည်။ **ယ** သက်သက် တစ်လုံးတည်းတွင် ကြိယာအနက်သော်လည်းကောင်း၊ နာမဝိသေသနအနက် သော်လည်းကောင်း မရှိပါ။ ဤတွင် ခယသည်ဟူသော အဓိပ္ပာယ်ကို လေ့လာသင့်သည်ဟု ယူဆမိပါသည်။ **ခ** နှင့် **ယ** ကို တွဲ၍သုံးထားပါသည်။ **ခ** နှင့် **ယ** အနက်ဆက်နွယ်ပါသည်။ ပူးယှဉ်ပေါင်းစည်းနက်ပင် ဖြစ်သည်။ ထိန်းယ၊ အထိန်းအယ၊ အထိန်းတော်အယတော် စသည်ဖြင့် **ထိန်း** နှင့် **ယ** ကိုလည်း တွဲသုံးပါသည်။ ပေါင်းစည်းခြင်း အနက်ပင်ဖြစ်သည်။

သို့ရာတွင် **ယ** သည် **အ** နှင့် အနက်တူသည်ဖြစ်၍ **အ** နှင့် ပရိယာယ်ပြုလဲလှယ်၍ သုံးသည်ကို တွေ့ရပါသည်။ သာဓကအားဖြင့် အခုကို ယခု၊ အခင် ကို **ယ**ခင်၊ အခေါင် ကို **ယ**ခေါင်၊ အမန် ကို **ယ**မန် စသည် **အ** နှင့် **ယ** ဖလှယ်၍ သုံးစွဲကြပါသည်။

**ယ** ၏ တိုင်သံများမှာ **ယက်** နှင့် **ယပ်** ဖြစ်သည်။ **ယက်** ရော **ယပ်** ပါ ထိမိဆက်စပ်ပေါင်းစည်းနက်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် ယက်ကို "လက်၊ ခြေ စသည်ဖြင့် တစ်စုံတစ်ရာကို တူးဆွ ခြစ်ထုတ်သည်၊ ကော်ထုတ်သည်၊ တွန်းဖယ်သည်" ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင်လက်ခြေစသည်ဖြင့် တစ်စုံတစ်ခုကို တူးဆွရန်၊ ခြစ်ထုတ်ရန်၊ ကော်ထုတ်ရန်၊ တွန်းဖယ်ရန်မှာ လက်ခြေ စသည်ဖြင့် တစ်စုံတစ်ရာကို ထိတွေ့ရန်၊ ဆက်စပ်ရန်၊ ပေါင်းစည်းရန်သည် အဓိကကျသဖြင့် ပေါင်းစည်းခြင်းအနက်ကိုပင် အခြေခံပါသည်။ မြေကြီးတွင် ကြက်ယက်သည့်အခါ ကြက်ခြေထောက်သည် မြေကြီးနှင့် ထိတွေ့ခြစ်ထုတ်ဖယ်ရှားသည့် အခြင်းအရာသည် ယက်သည့်အခြင်းအရာဖြစ်သည်။ ယက်ခြင်း၏ အဓိကအခြင်းအရာသည် ခြစ်ထုတ်ဖယ်ရှားခြင်းဖြစ်သည်။

**ယ** ၏တိုင်သံတစ်ခုမှာ **ယပ်** ဖြစ်သည်။ **ယပ်** ၏အနက်လည်း ပေါင်းစည်းခြင်းပင်ဖြစ်သည်။ **ယပ်** ကို မြန်မာအဘိဓာန်တွင် "ယပ်တောင်စသည်ဖြင့် လေကိုခတ်သည်"ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဤတွင် ယပ်စသည်ဖြင့်လေကိုခတ်သည် ဆိုသည်မှာ ယပ်စသည်နှင့် လေကိုထိခတ်စေခြင်းဖြစ်သဖြင့် ယပ်စသည်နှင့် လေကိုပေါင်းစည်းထိခတ်မိစေခြင်းပင်ဖြစ်၍ ထိမိပေါင်းစည်းသော အနက်ဖြစ်သည်။ ထို့ပြင် ယပ်သည်၏ အခြင်းအရာမှာ လေကို မိမိဘက်သို့ဖြစ်စေ လေရောက်ရှိ ထိခတ်စေလိုသော ဘက်သို့ဖြစ်စေ ယက်ကော်ခြင်းဖြစ်၍ ပေါင်းစည်းနက်ပင်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

## ကယားပြည်နယ်ဝန်ကြီးချုပ် ဘီလူးချောင်းအမှတ်(၂)စက်ရုံအတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် အောက်တိုဘာ ၂၀**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံသို့ သွားရောက်ခဲ့ပြီး စက်ရုံနှင့် စက်ရုံဝင်းအတွင်း ရေဝင်ရောက်ခဲ့မှုကြောင့် တင်ကျန်နေသောနုန်းများ ဆယ်တင်၍ သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။



### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လျှပ်စစ်မီးပို့လွှတ်နိုင်ရန် အဓိကဖြစ်သည့် Control Panel များတွင် သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် Panel များအတွင်း ဝင်ရောက်နေသော သဲနုန်းများရှင်းလင်းနေမှု၊ ဓာတ်အားပေးစက်ရှိ Main Valve နှင့် Nozzel Valve များ ပြန်လည်ပြင်ဆင်နေမှု၊ စက်ခန်းများပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ အမြန်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရန်အတွက် ဘီလူးချောင်း အမှတ်(၁) စက်ရုံနှင့် အမှတ်(၂) စက်ရုံမှတာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်စဉ် လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် အချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအမြန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် စုပေါင်းလုပ်အားပေး ဆောင်ရွက်ကြသည့် စက်ရုံဝန်ထမ်းများနှင့် လောကထု၊ ကျောက်တောင် ကျေးရွာသူ ကျေးရွာသားများကို ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားခဲ့သည်။

ဘီလူးချောင်းအမှတ်(၂)ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့် စက်ရုံဝင်းအတွင်း သဲနုန်းရှင်းလင်းခြင်းနှင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ပြီးပါက မကြာမီ လျှပ်စစ်မီး ပုံမှန်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နောင်မွန်းမြို့နယ်၌ မိုးရာသီဖိတ်ခေါ်ဖလား အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**နောင်မွန်း အောက်တိုဘာ ၂၀**

ပူတာအိုခရိုင် နောင်မွန်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက် ညနေ ၄ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် တက်လူအသင်းနှင့် ကိုကျော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး တက်လူအသင်းက ပွဲငယ် နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ခြောက်သင်းကို အုပ်စုနှစ်ခုခွဲကာ အောက်တိုဘာ ၁၈ ရက်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးယုံထန်ဖုန်ရမ်က ဒိုင်အဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်ခဲ့ကာ ပထမဆုရရှိသော တက်လူအသင်း၊ ဒုတိယဆုရရှိသောကိုကျော်အသင်းနှင့် တတိယဆုရရှိသော လုံလောင်အသင်းတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ရွှေစင် ရွှေပြားများ ဆက်ကပ်လှူဒါန်း



**ညောင်ရွှေ အောက်တိုဘာ ၂၀**

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ရွှေစင် ရွှေပြားများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်တော်မူခြင်း မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီက အင်းလေးဖောင်တော်ဦး ဘုရားစံ ကျောင်းတော်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အဖွဲ့သည် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များအား ဆွမ်း၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံများ၊ ဘုရားဖူးပြည်သူများနှင့်အတူ ရွှေစင် ရွှေပြားများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အင်းလေးဖောင်တော်ဦးဘုရား ရုပ်ရှင်တော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ မိုင်းသောက်ဆရာတော်ထံမှ ငါးပါးသီလ ဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်ဝန်ကြီးများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး အင်းလေးဖောင်တော်ဦးဘုရားရုပ်ရှင်တော်မြတ်ကြီးအတွက် ပြည်နယ်ဝန်ကြီးချုပ်မိသားစုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၏ လှူဒါန်းငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပေးအပ်လှူဒါန်းရာ အင်းလေးဖောင်တော်ဦးဘုရား ဂေါပကနှင့်အဖွဲ့ဝင်များက လက်ခံရယူသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အင်းလေးဖောင်တော်ဦးဘုရားသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ မျက်စိအထူးကုဆရာဝန်ကြီးများ ရဟန်းရှင်လူ ပြည်သူများအား အခမဲ့မျက်စိစမ်းသပ်ကုသပေး

**ဓနုဖြူ အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန မျက်စိအထူးကု ဆရာဝန်ကြီးများ၏ မျက်စိအထူးကု ဆေးကုသရေးအစီအစဉ်ဖြင့် ဓနုဖြူမြို့ ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ၁၀ ရက်တိုင် ရဟန်းရှင်လူပြည်သူများအား အခမဲ့မျက်စိစမ်းသပ် စစ်ဆေး ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်း၊ ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လွင်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် မြို့နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူ ၁၅၆ ဦး မျက်စိစမ်းသပ်စစ်ဆေးကုသမှုများ ခံယူလျက်ရှိကာ ခွဲစိတ်ရန်လိုအပ်သူများကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး မျက်စိခွဲစိတ်ကုသမှုခံယူပြီးပါက နေကာမျက်မှန်အပါအဝင် မျက်စဉ်း၊ မျက်ကပ်မှန်နှင့် ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၀**

၁၃၈၆ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်ပြုလုပ်ကျင်းပမည့် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်စာပေဝိုင်းက လှူဒါန်းသည့် အလှူငွေကျပ် ၃၅၀၀၀၀ ကို ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆုရ စာရေးဆရာမကြီး တင်ရီမ(ညောင်ဦး)ကပေးအပ်ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) က လက်ခံရယူခဲ့သည်။

**သတင်းစဉ်**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**နေပြည်တော် အောက်တိုဘာ ၂၀**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းယောင်း အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ဝမ်ဘိုး ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ၌ CS–2A လိုင်စင်မှ FL–17 သို့လိုင်စင်စီအမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစားပြောင်း လျှောက်ထားမှုသုံးခုအား မူလနေရာတွင် ဆိုင်ဖွင့်လှစ်မှု ရှိ၊ မရှိကို မြို့နယ် Task Force အဖွဲ့၊ လျှောက်ထားသူနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား စစ်ဆေးပြီး သက်သာချောင်ချိရေး သီးပင်စားပင်များ စိုက်ပျိုးထားမှုကို ကြည့်ရှုသည်။ ညပိုင်းတွင် ဝမ်ပုံကျေးရွာ ထပ်ဟိုဖိုင်စေတီတော်အား သွားရောက်ဖူးမြော်ပြီး ဆီမီးထွန်းညှိပူဇော်ကာ ဝမ်ပုံဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**



## ရေတာရှည်မြို့နယ် ရေဘေးသင့်ကျေးရွာများ၌ တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရေတာရှည် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတာရှည်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သောကျေးရွာများ၌ တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

**စုစုပေါင်း ၁၈၀၃ တွင်း**

အဆိုပါ ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ ၄၀ တို့တွင် စက်ရေတွင်း၊ တွင်းနက်၊ တွင်းတိမ်၊ လက်တူးတွင်းနှင့် လက်နှိပ်တုံကင် စုစုပေါင်း ၁၈၀၃ တွင်းအား တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် ကလိုရင်းဆေးခတ်ခြင်းတို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော အင်ဂျင်လေမှုတ်စက်သုံးလုံးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)က ထောက်ပံ့သော အင်ဂျင်လေမှုတ်စက် တစ်လုံး၊ အင်ဂျင်ရေစုပ်စက် တစ်လုံးတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ ပါဝင်သောအဖွဲ့ ၂၁ ဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့်ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၀ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၅၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၂၀ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၆ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၀-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၀၀၇၅ | ၆၂၆.၈၉ | ၅၆၄၄၂၉ | ၁၅၅၅၀ (လျှပ်စစ် ထုတ်ရေ) | - | - | ၃.၅၀ | ၁၆၃၀ | - | ၆၂၆.၆၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၁၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၈ | ၆၂၆.၇၅ | ၂၇၉၄၂ | - | ၈.၂၅ | ၈၅၅၈ | - | - | - | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၃ | ၅၁၈.၇၀ | ၈၈၂၁၁ | ၂၇၁ | ၁.၃၀ | ၃၅၅၉ | - | - | - | ၅၁၈.၇၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | - | ၅၀၉.၁၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၅၀ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၄ | ၁.၂၀ | ၃၆၀၀ | - | - | - | ၄၃၇.၈၅ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၁ | ၅၃၄.၅၁ | ၇၃၀၃၀ | ၁၂၀ | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၄ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၉၂ | ၇၅၄၃ | ၁၁ | ၂.၀၈ | ၁၁၇၅ | - | - | - | ၄၁၅.၉၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၇ | ၇၀၃.၄၇ | ၁၀၇၂၆၀ | ၉၅ | ၆.၅၃ | ၃၅၈၃၀ | - | - | - | ၇၀၃.၄၉ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | ရေတိုက်စား | | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၂ | ၆၀၁.၈၅ | ၄၉၃ | ၅၁ | ၀.၁၅ | ၇ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၉ | ၈၆၃.၅၀ | ၁၀၁၄၃ | ၂၈ | ၆.၅၀ | ၄၄၅၇ | - | - | - | ၈၆၃.၅၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၆)ချပ် ထောင်ထားပါသည်။

# ကလောမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်

**ကလော အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးသွားမည်ဖြစ်၍ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက နန်းတိုင်းကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ၌ ကျင်းပခဲ့သည်။

**အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသွားမည်**

ဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ရွာသစ်ကုန်းကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်လာနိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ဘိုကလေးမြို့နယ် တာဝတိံသာစေတီတော်သစ်ကြီး ပြန်လည်တည်ထားကိုးကွယ်ရန် (၁၃)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ ကျင်းပ



**ဘိုကလေး အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်း ဒေသကြီး ဘိုကလေးမြို့နယ် ရန်ပြေမာန်ပြေ အောင်စကြာ စေတီတော်ဝင်း အတွင်းရှိ တာဝတိံသာစေတီတော် မြတ်ကြီး စောင်းတန်းတော်ကြီး၏ အထက်ပိုင်း ပေ ၆၀ ခန့် ပြိုကျ ပျက်စီးခဲ့ရာ အသစ်တစ်ဖန် ပြန်လည် တည်ထားနိုင်ရေး အတွက် ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါ စေတီတော်ဝင်းအတွင်း၌ (၁၃)ကြိမ်မြောက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် စေတီတော် တည်ဆောက်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ ထံမှ တည်ဆောက်ရေးကော်မတီနှင့် ဘုရားဒါယကာ၊ ဒါယိကာမများက သီလခံယူ ဆောက်တည်ခြင်း၊ အလှူငွေများအား စေတီတော် တည်ဆောက်ရေး ကော်မတီဝင် များထံ ပေးအပ်လှူဒါန်းခြင်း၊ တည်ဆောက်ရေး ကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခြင်း၊ ဆရာတော်ကြီးများ ထံမှ အနုမောဒနာတရားနာကြား ၍ ရေစက်သွန်းချအမျှဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

စေတီတော်မြတ်ကြီး ပြန်လည် တည်ထားနိုင်ရေး အတွက် (၁၃)ကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲအထိ စုစုပေါင်းအလှူငွေ ကျပ် ၆၈၁၉ သိန်းကျော်ရရှိခဲ့ပြီး စေတီတော်မြတ်ကြီး ပြန်လည် တည်ထားကိုးကွယ်ရန် မြေသား စမ်းသပ်ခြင်း လုပ်ငန်း၊ တည်ဆောက်မည့်မြေနေရာအား သဲမြေဖို့ခြင်းလုပ်ငန်း၊ စေတီတော် ဟောင်းအား ဖျက်သိမ်းခြင်း လုပ်ငန်း၊ ဘိုးပိုင်အလုံး ၂၀ တူးခြင်း လုပ်ငန်း၊ သံခြင်းရက်ခြင်းလုပ်ငန်း များ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ စေတီတော်သစ်ကြီး တည်ဆောက် ခြင်းလုပ်ငန်း ပြီးစီးမှုအနေဖြင့် ၇၀ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



# ပေါင်းတည်၌ အကြိမ်(၁၄၀)မြောက် ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီ ကြွချီအပူဇော်ခံ

**ပေါင်းတည် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အကြိမ်(၁၄၀)မြောက် ဗုဒ္ဓရုပ်ပွားတော် ဒေသစာရီကြွချီအပူဇော်ခံပွဲကို ယမန်နေ့ညနေပိုင်းမှ စ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ ဗုဒ္ဓဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံပွဲကို ပေါင်းတည် မြို့တောင်ပိုင်း ဇီးတောဘုန်းတော်ကြီးကျောင်းက ဦးဆောင်ကျင်းပလာ ခဲ့ရာ အကြိမ်(၁၄၀)မြောက် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**



# ကန့်ဘလူမြို့၌ စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချပေး

**ကန့်ဘလူ အောက်တိုဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဌာနဆိုင်ရာများနှင့် ဆီလုပ်ငန်းရှင်များ ပူးပေါင်းကာ ရပ်ကွက်နေပြည်သူများအား စားအုန်း ဆီများကို ပြင်ပပေါက်ဈေးထက် လျှော့ချရောင်းပေးလျက်ရှိရာ အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကန့်ဘလူမြို့ အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအရှေ့ ကျွန်းရွှေဝါလမ်းဘေး၌ ရောင်းချပေးသည်။

ထိုသို့ စားအုန်းဆီများ ရောင်းချပေးရာတွင် လူတစ်ဦးလျှင် စားသုံးဆီ ၅၀ ကျပ်သားလျှင် ငွေ ၃၈၂၅ ကျပ်ဖြင့် ပြည်သူများလက်ဝယ် အရောက် ရောင်းချပေးခြင်းဖြစ်ပြီး ယင်းနေ့တွင် အမှတ်(၁)ရပ်ကွက် နှင့် အမှတ်(၅) ရပ်ကွက်တို့၌ ရောင်းချပေးခဲ့ပြီး ကျန်ရပ်ကွက်များတွင် လည်း ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကြံခင်းမြို့နယ်၌ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် မြန်မာ့ရိုးရာခြင်းလုံး အလှခတ်ဖျော်ဖြေပွဲ ကျင်းပ

**ကြံခင်း အောက်တိုဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကမ္ဘာလုံးရိပ်သာကျောင်း တိုက်ဆရာတော် အရှင်တေဇာနန္ဒဦးစီးကျင်းပသော (၂၆)ကြိမ်မြောက် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် မြန်မာ့ရိုးရာ ခြင်းအလှခတ်ဖျော်ဖြေ ပွဲကို ယမန်နေ့ညနေပိုင်းက အဆိုပါ ကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

အဆိုပါ ကမ္ဘာလုံးရိပ်သာကျောင်းတိုက်အတွင်း ကိန်းဝပ်စံပယ် သော နဝလောဟလာဘမုနိ ခတ်ကိုးပါးရုပ်ပွားတော်အား နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၌ စေတနာရှင် အလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုအား မဲပို့လှူဒါန်းပြီး သီတင်းကျွတ်လပြည့်နေ့၌ ဘုရားရှင်အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကာ လပြည့်ကျော်(၁) ရက်နေ့တွင်မြို့ပေါ်ရပ်ကွက်များသို့ ဒေသစာရီလှည့်လည်အပူဇော်ခံ ကြွချီတော်မူကြောင်း သိရသည်။



ထို့ပြင် သီတင်းကျွတ်လပြည့်ကျော်(၂)ရက်နေ့၌ ကမ္ဘာလုံးရိပ်သာ ကျောင်းတိုက်ဆရာတော်နှင့် စေတနာရှင် အလှူရှင်များစုပေါင်း၍ စတုဒိသာကျွေးမွေးလှူဒါန်းကာ မြို့နယ်ခြင်းလုံးဆပ်ကော်မတီအဖွဲ့ က ဦးစီး၍ မြန်မာ့ရိုးရာခြင်းပညာရှင်အဖွဲ့ ကိုးဖွဲ့က ခြင်းလုံးအလှခတ်ခြင်း များဖြင့်ဖျော်ဖြေကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




# ကဝမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲ

**ကဝ အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ယမန်နေ့ညပိုင်းက မိုးရွာသွန်း ၍ လေပြင်းများတိုက်ခတ်ခဲ့သောကြောင့် အမှတ်(၃)ရပ်ကွက် ကွက်သစ် ပိုင်းနှင့် အမှတ်(၁)ရပ်ကွက် ကြာတောလမ်းတို့တွင် သစ်ပင်များပြိုလဲခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးလွင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၀ ဦးဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ **ရဲဇော်ဟိန်း(ပြန်/ဆက်)**

## ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေခန့်မှန်းချက်ပြပုံ




**✳ လေဖိအားနည်းဆဲလ်မှ**

အဆိုပါ လေဖိအားနည်းဆဲလ် နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်း ရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာပြီး အချို့ ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့် အတူ လေပြင်း တိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသ များရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင် ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်း သွားလာရေးနှင့် လေကြောင်း ပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြု နိုင်ပါရန် သတိပေးနှိုးဆော်အပ် ပါသည်။

**မိုး/ဇလ**

✪

# ကျန်းမာရေးအသိရှိကြလို့ အရက်သေစာရှောင်ကြစို့

**လင်းလက်နေခြည်**

### သတိပြုမိဖို့

“ပျော်ရွှင်ခြင်း၊ စိတ်ဆင်းရဲခြင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း” စသည့် ခံစားချက်များသည် လူငယ်တို့ နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် စိတ်ခံစားချက်များပင်ဖြစ်သည်။ စိတ်ဖိစီးမှုများအပါအဝင် လူမှုပတ်ဝန်းကျင်တွင် နိစ္စဓူဝတွေ့ကြုံနေရသည့် စိန်ခေါ်မှုများကြောင့် စိတ်ပျက်အားလျော့ကာ စိတ်ဓာတ်ကျခြင်းဆိုသော ရောဂါများကိုပါခံစားရသည်။ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားကြသည့် လူငယ်များအတွက်မူ အခက်အခဲများကို ရင်ဆိုင်ရသည့်အချိန်တွင် လက်လျှော့တတ်ခြင်းနှင့် စိတ်ဖြေစရာအရာများကို မှားယွင်းစွာရှာဖွေခြင်းများ မရှိစေရေး အထူးသတိပြုမိရန် လိုအပ်သည်။

“အားကစားပြုလုပ်ခြင်း၊ စာဖတ်ခြင်း၊ စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း၊ ခရီးထွက်ခြင်း၊ မိသားစုနှင့် အချိန်ပေးခြင်း” စသည့်အပြုအမူများဖြင့် စိတ်ဖိစီးမှုများ လျော့ကျအောင် ကြိုးစားဆောင်ရွက်ကြဖို့လိုသည်။ စိတ်ဖိစီးမှုများ ခံစားရသည့်အချိန်တွင် စိတ်ပြေပျောက်စေရေးအတွက် အပျော်အပါးလိုက်စားကာ အရက်သေစာသောက်စားခြင်းဆိုသည့် စိတ်ရောကိုယ်ပါ ကျန်းမာရေးကို ထိခိုက်စေသည့် မကောင်းသောလုပ်ရပ်များဖြင့် အချိန်မကုန်မိကြစေရေး သတိပြုသင့်သည်။ ခေတ်ရေစီးကြောင်း ပြောင်းလဲလာသည့်အချိန်တွင် ၃၈ ဖြာမင်္ဂလာတရားတော်များနှင့်အညီ ပြုမူပြောဆိုနေထိုင်ကြသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းသို့ အနောက်တိုင်းယဉ်ကျေးမှုများက စီးဝင်ပျံ့နှံ့လာနေပြီဖြစ်သည်။

### ခေတ်နှင့်အညီဆိုရာတွင်

အရက်နှင့် ဘီယာက အစပြု၍ အဖျော်ယမကာများကို သောက်သုံးကာ ပျော်ပါးတတ်သည့် ဓလေ့သည် မြန်မာ့လူငယ်များ၏ နေ့စဉ်လူနေမှုဘဝသို့ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည်။ လက်ဖက်ရည်ဆိုင် ယဉ်ကျေးမှုများ လျော့ပါးလာသည့်အချိန်တွင် လူငယ်များ၏ စုဝေးရာနေရာသည် အရက်နှင့် အဖျော်ယမကာများကို လိုသလောက် ဝယ်ယူသောက်သုံးနိုင်သော နေရာများသို့ ရောက်ရှိသွားတတ်ကြသည်။ စာအုပ်ဆိုင်များနှင့် စာကြည့်တိုက်များ အင်အားချည့်နဲ့လာသည့်အချိန်တွင် စာအုပ်စာပေများအစား အွန်လိုင်းမီဒီယာများက နေရာယူလာကြသည်။ ထိုအချိန်တွင် ဝိသမလောဘသားများက အွန်လိုင်းမီဒီယာများမှတစ်ဆင့် ကြော်ငြာအားကောင်းကောင်းဖြင့် အခုသောက် အခုပေါက်ဆိုသည့် မဲဖောက်ပေးခြင်းကအစပြု၍ လူငယ်များ၏စိတ်ကို နှိုးဆွနေသည်။ လူငယ်များ နေ့စဉ်ဘဝသို့ အရက်နှင့် အဖျော်ယမကာများကို မရောက်ရောက်အောင် နည်းလမ်းပေါင်းစုံအသုံးပြု၍ ပို့ဆောင်နေကြပြီဖြစ်သည်။

ခေတ်နှင့်အညီ လိုက်လျောညီထွေစွာ နေထိုင်ရမည်မှာ လူငယ်များ၏ တာဝန်ပင်ဖြစ်သော်လည်း “ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးလည်းမလွယ်နှင့်” ဆိုသည့် စကားနှင့်အညီ လူမှုဆက်ဆံရေးနယ်ပယ်တွင် ကြားခံကိရိယာတစ်ခုဖြစ်လာသည့် အရက်၊ ဘီယာနှင့် အဖျော်ယမကာဆိုသည့်အရာကို ရှေးလူကြီးသူမများ၏ ဆုံးမစကားများနှင့်အညီ ရှောင်ရှားနိုင်ကြရမည်ဖြစ်သည်။ “ဓားကိုဖျက်တော့ ဝါးမျက်၊ လူကိုဖျက်တော့ အရက်” ဆိုသည့် စကားနှင့်အညီ လူတို့၏ စိတ်အစဉ်ကို ညစ်ညူးစေပြီး သွေးဆူကာ မကောင်းမှုဒုစရိုက်များကိုပင် ကျူးလွန်စေတတ်သောအရာဖြစ်သည့် အရက်ဆိုသောအရာကို ကျန်းမာရေးရှုထောင့်က တွေးတောဆင်ခြင်ကာ ရှောင်ကြဉ်ကြရန်လိုအပ်သည်။

### ခက်ထန်ကြမ်းတမ်းစေသည်

အရက်သည် ခန္ဓာကိုယ်အတွင်း ဝင်ရောက်လာသည့်အချိန်တွင် သွေးဆူခြင်းဆိုသည့် ဖြစ်ရပ်နှင့်အတူ ဦးနှောက်၏ လုပ်ဆောင်မှုများကို ရပ်ဆိုင်းသွားစေသဖြင့် စဉ်းစားဆင်ခြင်နိုင်စွမ်းကို ကင်းမဲ့သွားစေသည်။ သွေးဆူလာသည့်အချိန်တွင် ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်မှုတိုင်းက ကြမ်းတမ်းခက်ထန်လာမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်သည်။ နှလုံးသွေးတို့ ဆူပွက်လာပြီး အရက်၏ ခိုင်းစေရာသို့ လိုက်ပါဆောင်ရွက်ရသဖြင့် မိတ်ဆွေအချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းကအစပြု၍ “အဖေက သားကို သတ်မိခြင်း၊ သားက အဖေကိုသတ်မိခြင်း၊ အရက်ဖိုးတောင်း၍မရသဖြင့် အမေကိုသတ်မိခြင်း” စသည့် လူသားတစ်ဦးအနေဖြင့် မပြုလုပ်အပ်သော လူမဆန်သည့်လုပ်ရပ်များကို ပြုလုပ်မိတတ်ကြသည်။

လူသားများပင်မဆိုထားနှင့် အဟိတ်တိရစ္ဆာန်များသည်ပင် အရက်သေစာသောက်စားမိသည့်အခါတွင် နဂိုရှိရင်းစွဲ စိတ်ရိုင်းတို့ထက် အဆပေါင်းများစွာ ပိုမိုခက်ထန်ကြမ်းတမ်းသွားတတ်သည်ကို မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးအနက်မှ နာဠာဂီရိဆင်ကို အောင်မြင်တော်မူခန်းတွင် တွေ့ရှိနိုင်သည်။

### အနာဂတ်ကြယ်ပွင့်များ ဆုံးရှုံးနေရ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ အရက်သည် ရောဂါပေါင်း ၂၀၀ ကျော်ကို ဖြစ်စေနိုင်သည်ဟုသိရပြီး နှစ်စဉ် လူဦးရေ ၂ ဒသမ ၆ သန်းခန့်သည် အရက်နှင့် အဖျော်ယမကာတို့ကပေးသော ကျန်းမာရေးဆိုးကျိုးများကြောင့် သေဆုံးနေရသည်ဟု သိရသည်။ “ဦးနှောက်နှင့် အာရုံကြောများကို ထိခိုက်စေခြင်း၊ အသည်းရောဂါများဖြစ်ပွားစေခြင်း၊ နှလုံးကိုထိခိုက်စေခြင်း၊ အစာအိမ်ရောဂါများဖြစ်ပွားစေခြင်း၊ ကျောက်ကပ်ရောဂါများဖြစ်ပွားစေခြင်း၊ အဆုတ်ရောဂါများ ဖြစ်ပွားစေခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲစေခြင်း၊ အရိုးပွရောဂါကဲ့သို့သော ရောဂါများဖြစ်ပွားစေခြင်း” စသည့် မရေမတွက်နိုင်သော ရောဂါများဖြစ်ပွားစေတတ်သဖြင့် သတိပြုဆင်ခြင်အပ်သည်။ အရက်သောက်သည့်အခါ အစားအသောက်ပျက်ခြင်းကို ဖြစ်ပွားစေတတ်သဖြင့် အစာအိမ်ရောဂါအပါအဝင် ရောဂါများဖြစ်ပွားစေပြီး ခန္ဓာကိုယ်ခုခံစွမ်းအားကို ကျဆင်းစေသဖြင့် အခြားရောဂါများကိုပါ ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်နေသည်။

ကမ္ဘာပေါ်တွင် အရက်နှင့် အဖျော်ယမကာ သောက်သုံးခြင်းဖြင့် သေဆုံးသူစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းသည် အသက် ၂၀ မှ ၃၉ နှစ်အတွင်းရှိ နုနယ်ပျိုမျစ်သော ဘဝကိုပိုင်ဆိုင်ထားသည့် လူငယ်များဖြစ်နေသည်ကို တွေ့ရသည်။ မြန်မာလူငယ်များ ထိုအထဲတွင် မပါဝင်စေရေးက အဓိကပင်ဖြစ်သည်။ လူတို့၏ဘဝကို အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ဆွဲတင်စေနိုင်သောအရာသည် စဉ်းစားဆင်ခြင်နိုင်စွမ်းဖြစ်သည်။ မြတ်စွာဘုရားရှင်က ဘဝတွင် အရေးကြီးဆုံးသောအရာသည် ကိုယ်ကျင့်တရားနှင့် ပညာဖြစ်သည်ဟု ဟောကြားခဲ့သည်။ ပညာဉာဏ်နှင့်တူသော စဉ်းစားဆင်ခြင်နိုင်စွမ်းကို ကင်းမဲ့စေသော အရက်သေစာကို သောက်စားသူသည် ကိုယ်ကျင့်တရား ဖောက်ဖျက်သည့် အပြုအမူများကို ပြုလုပ်တတ်ကြသဖြင့် ဘဝအတွက် အရေးကြီးသည့် ကိုယ်ကျင့်တရားနှင့် ပညာကို ပျက်စီးဆုံးရှုံးစေသော အရက်ကို လူငယ်များသောက်မိနေသည့် အလေ့အကျင့်ဆိုးများမှ ကင်းဝေးနေရန် လိုအပ်သည်။

### လူမှုရေးပျက်စေသောအရာ

မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ရခြင်း၊ လူမိုက်နှင့် ဝေးကွာစွာနေထိုင်ရခြင်းတို့သည် မင်္ဂလာတစ်ပါးပင်ဖြစ်သည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့သည်။ အရက်သေစာသောက်စား၍ မူးယစ်ရမ်းကားဘဝသို့ ရောက်နေသူများနှင့် ပေါင်း၍ ကိုယ်တိုင်မူးယစ်ရမ်းကားဘဝသို့ ရောက်ရှိသွားမည်ဆိုပါက လူမှုပတ်ဝန်းကျင်အတွက် အသုံးမဝင်သော လူငယ်များဖြစ်သွားမည်ဖြစ်သည်။ အရက်သေစာသောက်စားမိသည့်အခါ အပြောအဆို ခက်ထန်ကြမ်းတမ်းလာပြီး ခိုက်ရန်ဖြစ်ပွားခြင်း အထိဖြစ်တတ်သဖြင့် မိတ်ပျက်စေသော အရက်ကို မသောက်မိစေရေး လူငယ်များ ကြိုးစားရမည်ဖြစ်သည်။

အရက်သောက်သုံးသည့်အခါ အရက်က ပေးသော အဆိပ်တို့သည် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်သွားသည်။ ခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်လာသည့် အဆိပ်အတောက်များကို တုံ့ပြန်နိုင်ရေးအတွက် အသည်းက တာဝန်ယူပေးရသည်။ အရက်ကို အကြိမ်ကြိမ်သောက်သုံးမိသည့်အခါတွင် အဆိပ်အတောက်များ၏ဒဏ်ကို အကြိမ်ကြိမ်ခံစားနေရသည့် အသည်းသည် အသည်းခြောက်ခြင်းတည်းဟူသော ရောဂါကို လက်ခံလိုက်ရသည်။ လန်းဆန်းတက်ကြွသည့်အရွယ်တွင် ဘဝအတွက် အရေးကြီးသောအရာများကို ရှာဖွေလုပ်ကိုင်ကြရမည့် လူငယ်များအတွက် တွေးခေါ်မြော်မြင်နိုင်စွမ်း ကင်းမဲ့စေသည့် အရက်သေစာသောက်စားခြင်းကို ရှောင်ရှားသင့်ပေသည်။

“အရက်ကြောင့် အအိပ်ပျက်၊ အရက်ကြောင့် လူသတ်၊ အရက်ကြောင့် သူတစ်ပါးသားမယားပြစ်မှား၊ အရက်ကြောင့် မိဘကို ပြန်သတ်၊ အရက်ကြောင့် ညီအစ်ကိုအရင်းကိုသတ်” စသည့် လူတစ်ဦးအနေဖြင့် မပြုလုပ်သင့်သည့် အရာများကို ပြုလုပ်မိနေကြသည့် သတင်းများကို စိတ်မကောင်းဖွယ်ရာဖတ်ရှုနေရသည်။ လူငယ်အများစုသည် အပေါင်းအသင်းများနှင့်ပျော်ရွှင်လိုသည့် ဆန္ဒဖြင့် အရက်သောက်ကြသည်။ အရက်သောက်ရင်း စိတ်ရောကိုယ်ပါ ပျော်ပါးမိချိန်တွင် စဉ်းစားဆင်ခြင်နိုင်စွမ်း ကင်းမဲ့သွားပြီး ခိုက်ရန်ဖြစ်ပွား၍ ရဲစခန်းသို့ရောက်ရသည့်သတင်းများကလည်း လူမှုပတ်ဝန်းကျင်တွင် ကြားနေရသည်။ စိတ်ပျော်ရွှင်မှုကို ရလို၍ သောက်မိသည့် အရက်သည် အပျော်မှအပျက်သို့ ရောက်ရှိသွားတတ်လေသည်။

မြန်မာလူငယ်များသည် ဉာဏ်ပညာအရာတွင် ခေကြသူများမဟုတ်ပေ။ “စဉ်းစားဆင်ခြင်နိုင်စွမ်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်း၊ တီထွင်နိုင်စွမ်း”များက သူတစ်ကာထက်သာလွန်သောသူများ ဖြစ်ကြသည်။ သို့ရာတွင် ထူးချွန်ထက်မြက်သော စွမ်းရည်ကို ပိုင်ဆိုင်ထားသည့် မြန်မာလူငယ်များသည် သုရာဆိုသော သေရည်အရက်ကြောင့် မဆုံးရှုံးသွားဖို့ လိုသည်။ မြတ်စွာဘုရားရှင်ဟောကြားသော ငါးပါးသီလတွင် တစ်ခုအပါအဝင်ဖြစ်သည့် “သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာ ပဒံ သမာဒိယာမိ” ဆိုသည်နှင့်အညီ အရက်သေစာသောက်စားခြင်းကို ထာဝရရှောင်ရှားကြခြင်းဖြင့် ဘဝခရီးလမ်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရသည်။

**ရည်ညွှန်းကိုးကား**

- **ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Website (https://www.who.int/)၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**


> **“ ခေတ်နှင့်အညီ လိုက်လျောညီထွေစွာ နေထိုင်ရမည်မှာ လူငယ်များ၏ တာဝန်ပင်ဖြစ်သော်လည်း “ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးလည်းမလွယ်နှင့်” ဆိုသည့် စကားနှင့်အညီ လူမှုဆက်ဆံရေးနယ်ပယ်တွင် ကြားခံကိရိယာတစ်ခုဖြစ်လာသည့် အရက်၊ ဘီယာနှင့် အဖျော်ယမကာဆိုသည့်အရာကို ရှေးလူကြီးသူမများ၏ ဆုံးမစကားများနှင့်အညီ ရှောင်ရှားနိုင်ကြရမည်ဖြစ်သည်။ “ဓားကိုဖျက်တော့ ဝါးမျက်၊ လူကိုဖျက်တော့ အရက်” ဆိုသည့်စကားနှင့်အညီ လူတို့၏ စိတ်အစဉ်ကို ညစ်ညူးစေပြီး သွေးဆူကာ မကောင်းမှုဒုစရိုက်များကိုပင် ကျူးလွန်စေတတ်သောအရာဖြစ်သည့် အရက်ဆိုသောအရာကို ကျန်းမာရေးရှုထောင့်က တွေးတောဆင်ခြင်ကာ ရှောင်ကြဉ်ကြရန်လိုအပ် ”**

> **“ ကမ္ဘာပေါ်တွင် အရက်နှင့်အဖျော်ယမကာ သောက်သုံးခြင်းဖြင့် သေဆုံးသူစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းသည် အသက် ၂၀ မှ ၃၉ နှစ်အတွင်းရှိ နုနယ်ပျိုမျစ်သော ဘဝကို ပိုင်ဆိုင်ထားသည့် လူငယ်များဖြစ်နေသည်ကို တွေ့ရသည်။ မြန်မာလူငယ်များ ထိုအထဲတွင် မပါဝင်စေရေးက အဓိကပင်ဖြစ်သည်။ လူတို့၏ဘဝကို အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ဆွဲတင်စေနိုင်သောအရာသည် စဉ်းစားဆင်ခြင်နိုင်စွမ်းဖြစ်သည်။ မြတ်စွာဘုရားရှင်က ဘဝတွင် အရေးကြီးဆုံးသောအရာသည် ကိုယ်ကျင့်တရားနှင့် ပညာဖြစ်သည်ဟု ဟောကြားခဲ့သည်။ ပညာဉာဏ်နှင့်တူသော စဉ်းစားဆင်ခြင်နိုင်စွမ်းကို ကင်းမဲ့စေသော အရက်သေစာကို သောက်စားသူသည် ကိုယ်ကျင့်တရားဖောက်ဖျက်သည့် အပြုအမူများကို ပြုလုပ်တတ်ကြသဖြင့် ဘဝအတွက်အရေးကြီးသည့် ကိုယ်ကျင့်တရားနှင့် ပညာကို ပျက်စီးဆုံးရှုံးစေသော အရက်ကို လူငယ်များသောက်မိနေသည့် အလေ့အကျင့်ဆိုးများမှ ကင်းဝေးနေရန် လိုအပ် ”**

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

ကြေးမုံစာတည်းအဖွဲ့

## ဘောဂဗေဒ

ဆရာမိုး (ဘောဂဗေဒ)

၁၄ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### အခန်း (၁)
### ဝယ်လိုအား အလျော့အတင်းနှင့် ရောင်းလိုအား အလျော့အတင်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း Grade -12 ဘောဂဗေဒဘာသာရပ် ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများသည် စုစုပေါင်း မေးခွန်းပုဒ်ရေ (၅) ပုဒ် ပါရှိမည်ကို သိထားရန် လိုပါသည်။ မေးခွန်းနံပါတ် (၁) တွင် (က) (ခ) နှင့် (ဂ) ဟူ၍ သုံးပိုင်းခွဲထားပြီး တစ်ပိုင်းလျှင် (၁၀)မှတ်ဖြင့် စုစုပေါင်း အမှတ် (၃၀) ဖိုး မေးထားမှာဖြစ်သည်။

မေးခွန်း နံပါတ် (၂) တွင် ပြဋ္ဌာန်းသင်ခန်းစာ အားလုံးမှ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖြေဆိုရမှာဖြစ်ပြီး (၅) ပုဒ်မေး (၅) ပုဒ် ဖြေဆိုရမှာဖြစ်သည်။ စုစုပေါင်း (၁၀)မှတ်ဖိုးဖြစ်သည်။

ထို့ကြောင့် မေးခွန်း နံပါတ် (၁)ကို ပိုင်နိုင်စွာဖြေဆိုနိုင်စေရန် ပြဋ္ဌာန်းစာအုပ်ရှိ ခမ္မဓိဋ္ဌာန်လေ့ကျင့်ခန်းများအားလုံး၊ ၂၀၁၃-၂၀၂၄ မေးခွန်းဟောင်းများအားလုံးနှင့် ပြဋ္ဌာန်းစာအုပ်မှ မေးနိုင်ခြေအများဆုံး မေးခွန်း စုစုပေါင်း (၁၀၀၀) ကို ပြုစုဖော်ပြထားသည်။ မေးခွန်းနံပါတ် (၂) အတွက် Grade -12 ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအားလုံးကို ကျောင်းသား၊ ကျောင်းသူများ အဆင်သင့် ကျက်မှတ်နိုင်ကြစေရန် သီးသန့်ပြုစုဖော်ပြထားသည်။

**မေးခွန်းနံပါတ် (၁) နှင့် (၂) ကို ပိုင်နိုင်စွာဖြေဆိုနိုင်လျှင် အမှတ် (၄၀) ဖိုး ရမည်ဖြစ်သည်။**

ပြဋ္ဌာန်းစာအုပ်မှ အခန်းအားလုံးကို ပိုင်နိုင်ကျွမ်းကျင်မှသာ အမှတ်ပြည့်ဖြေဆိုနိုင်မည်ဖြစ်ရာ အခန်း (၁) မှ အခန်း (၈) အထိ လေ့ကျင့်မှတ်သားရန် လိုပါသည်။

**မေးခွန်းနံပါတ်(၂) အောက်ပါတို့၏ အဓိပ္ပာယ်ကို ဖော်ပြပါ မေးခွန်းအတွက် အခန်း (၁) ရှိ အဓိပ္ပာယ်ဖွင့်ဆိုချက်များအားလုံးကို တစ်စုတစ်စည်းတည်း ဖော်ပြလိုက်ပါသည်။**

**၁။ ရောင်းလိုအား၏ယူနစ်အလျော့အတင်း**

ရောင်းလိုအား၏ ယူနစ်အလျော့အတင်းရှိခြင်းဆိုသည်မှာ ကုန်စည်တစ်ခု၏ ဈေးနှုန်းပြောင်းလဲမှုအပေါ် ထိုကုန်စည်ကို ရောင်းချသောအရေအတွက်သည် အချိုးတူညီစွာ တုံ့ပြန်ပြောင်းလဲခြင်းပင် ဖြစ်သည်။

**၂။ ဝယ်လိုအားအလျော့အတင်း**

ကုန်စည်တစ်ခုအတွက် ဝယ်လိုအားအလျော့အတင်းဆိုသည်မှာ ထိုကုန်စည်အတွက် ဝယ်လိုအားကို ပြဋ္ဌာန်းသော အချက်တစ်ခုခုပြောင်းလဲခြင်းကြောင့် ယင်းကုန်စည်၏ ဝယ်လိုအား မည်မျှတုံ့ပြန်ပြောင်းလဲကြောင်းကို ဖော်ပြသည့်အတိုင်းအတာဖြစ်သည်။

**၃။ ရောင်းလိုအားအလျော့အတင်းများခြင်း**

ဈေးနှုန်းပြောင်းလဲမှုအချိုးထက် အရေအတွက် ပြောင်းလဲမှုအချိုး ပိုမိုကြီးမားသော ကုန်စည်၏ ရောင်းလိုအားသည် အလျော့အတင်းများသော ရောင်းလိုအား ဖြစ်သည်။

**၄။ စုစုပေါင်းရောင်းရငွေ**

စုစုပေါင်းရောင်းရငွေဆိုသည်မှာ ဝယ်သူမှ ပေးရသော ငွေပမာဏ သို့မဟုတ် ရောင်းသူမှ ရရှိသော ငွေပမာဏ ဖြစ်သည်။

**၅။ ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်း**

ဝယ်လိုအား၏ဈေးနှုန်းအလျော့အတင်းဆိုသည်မှာ ကုန်စည်တစ်ခုအတွက် ဝယ်လိုအားကိုပြဋ္ဌာန်းသော အခြားအချက်များ မပြောင်းလဲသည့်အခြေအနေတွင် ထိုကုန်စည်၏ ဈေးနှုန်းပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသည့် ဝယ်ယူသောအရေအတွက် ပြောင်းလဲမှု အချိုးအစား ဖြစ်သည်။

**၆။ ရောင်းလိုအားအလျော့အတင်းနည်းခြင်း**

ဈေးနှုန်းပြောင်းလဲမှုအချိုးသည် အရေအတွက် တုံ့ပြန်ပြောင်းလဲမှုအချိုးထက် ပို၍ကြီးမားသော ကုန်စည်၏ ရောင်းလိုအားသည် အလျော့အတင်းနည်းသော ရောင်းလိုအား ဖြစ်သည်။

**၇။ ဝယ်လိုအား၏ဝင်ငွေအလျော့အတင်း**

ဝယ်လိုအား၏ဝင်ငွေအလျော့အတင်းသည် စားသုံးသူတို့၏ ဝင်ငွေပြောင်းလဲမှုအပေါ် ကုန်စည်၏ ဝယ်လိုအား မည်မျှတုံ့ပြန်ပြောင်းလဲသည်ကို တိုင်းတာသည်။

**၈။ ဝယ်လိုအား၏ယူနစ်အလျော့အတင်း (ရှိခြင်း)**

ဝယ်လိုအား၏ယူနစ်အလျော့အတင်း (ရှိခြင်း) ဆိုသည်မှာ ကုန်စည်တစ်ခု၏ ဈေးနှုန်းပြောင်းလဲမှုအပေါ် ထိုကုန်စည်ကို ဝယ်ယူသော အရေအတွက်သည် အချိုးတူညီစွာ တုံ့ပြန်ပြောင်းလဲခြင်းပင် ဖြစ်သည်။

**၉။ ဝယ်လိုအားအလျော့အတင်းအပြည့်ရှိခြင်း**

ဝယ်လိုအား အလျော့အတင်းအပြည့်ရှိခြင်း ဆိုသည်မှာ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ဖြစ်ပေါ်ရုံမျှဖြင့် ဝယ်ယူမည့် အရေအတွက်သည် အတောမသတ် ကြီးမားစွာ တုံ့ပြန်ပြောင်းလဲခြင်းပင်ဖြစ်သည်။

**၁၀။ ဝယ်လိုအား၏(ဈေးနှုန်း)အလျော့အတင်းကင်းခြင်း**

ဝယ်လိုအား၏(ဈေးနှုန်း)အလျော့အတင်းကင်းခြင်းဆိုသည်မှာ ကုန်စည်တစ်ခု၏ ဈေးနှုန်း မည်မျှပင်လှုပ်ရှားပြောင်းလဲစေကာမူ ထိုကုန်စည်ကို ဝယ်ယူသည့် အရေအတွက်သည် တုံ့ပြန်ပြောင်းလဲမှုမရှိဘဲ မူလအတိုင်းတည်ရှိနေခြင်း ဖြစ်သည်။

**၁၁။ ဝယ်လိုအားအလျော့အတင်းများခြင်း**

ဝယ်လိုအားအလျော့အတင်းများခြင်းဆိုသည်မှာ တစ်စုံတစ်ရာသော ဈေးနှုန်းပြောင်းလဲမှုသည် ၎င်းထက်ပို၍ ကြီးမားသော ပြောင်းလဲမှုနှုန်းဖြင့် ဝယ်ယူမည့် အရေအတွက်ကို ပြောင်းလဲစေခြင်းပင် ဖြစ်သည်။

**၁၂။ ဝယ်လိုအားအလျော့အတင်းနည်းခြင်း**

ဝယ်လိုအားအလျော့အတင်းနည်းခြင်းဆိုသည်မှာ တစ်စုံတစ်ရာသော ဈေးနှုန်းပြောင်းလဲမှုသည် ယင်းထက် ပို၍နည်းသော နှုန်းဖြင့် ဝယ်ယူမည့်အရေအတွက် တုံ့ပြန်ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။

**၁၃။ ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်း**

ဝယ်လိုအား၏ အပြန်အလှန်အလျော့အတင်းသည် အခြားကုန်စည်တစ်ခု၏ ဈေးနှုန်းပြောင်းလဲခြင်းကြောင့် လေ့လာနေသော ကုန်စည်၏ ဝယ်ယူသည့်အရေအတွက် မည်မျှတုံ့ပြန်ပြောင်းလဲသည်ကို တိုင်းတာဖော်ပြသည်။

**၁၄။ ရောင်းလိုအား၏ဈေးနှုန်းအလျော့အတင်း**

ရောင်းလိုအား၏ဈေးနှုန်းအလျော့အတင်းဆိုသည်မှာ ကုန်စည်တစ်ခု၏ ရောင်းလိုအားကို ပြဋ္ဌာန်းသော အခြားအချက်များ မပြောင်းလဲသည့် အခြေအနေတွင် ထိုကုန်စည်၏ ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ရောင်းချသည့် အရေအတွက် ပြောင်းလဲမှုအချိုးအစား ဖြစ်သည်။

**၁၅။ ရောင်းလိုအားအလျော့အတင်းကင်းခြင်း**

ကုန်စည်၏ဈေးနှုန်း မည်မျှပင်ပြောင်းလဲသော်လည်း ရောင်းချသည့်အရေအတွက် တုံ့ပြန်ပြောင်းလဲမှုမရှိလျှင် ထိုကုန်စည်သည် ရောင်းလိုအားအလျော့အတင်းကင်းသည် ဟုခေါ်ဆိုသည်။

## ဓာတုဗေဒ

ပါမောက္ခ Dr.Dennis (ရန်ကုန်တက္ကသိုလ်)

၇ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

**(b) Changes of Energy in Chemical Reactions**

**(i) Spontaneous and non-spontaneous reactions**

**Spontaneous reactions**

In a spontaneous reaction, the physical or chemical change occurs without the addition of energy. Adding a solution of dilute sulphuric acid to a solution of sodium hydroxide is an example of a spontaneous reaction because the reaction takes place without any energy being added.

**Non-spontaneous reactions**


The reaction between magnesium and oxygen, and the reaction between copper and oxygen are both non-spontaneous reactions. They need the energy to initiate the reaction. Most of the reaction will not take place until the system has some minimum amount of energy added to it. After the reaction has started, it may then carry on spontaneously.

ဓာတုဓာတ်ပြုခြင်းတွေရဲ့ စွမ်းအင်ပြောင်းလဲမှုလေ့လာရာမှာ အလိုအလျောက် ဓာတ်ပြုနိုင် သောဓာတ်ပြုခြင်းတွေရှိသလိုအလိုအလျောက်မဟုတ်ဘဲ၊ စွမ်းအင်ထည့်ပေးမှ ဓာတ်ပြုခြင်းတွေဖြစ်တဲ့ ဓာတုဓာတ်ပြုခြင်းတွေလည်းရှိတယ်ဆိုတာ သိရှိထားဖို့ လိုပါတယ်။ ဥပမာ အားပျော့ဆာလဖျူရစ်အက်ဆစ်နဲ့ အားပျော့ဆိုဒီယမ်ဟိုက်ဒြောက်ဆိုဒ်တို့ ရောနှောလိုက်ရုံနဲ့အလိုအလျောက် ဓာတ်ပြုပြီး၊ ဆိုဒီယမ်ဆာလဖိတ်ဆားနဲ့ ရေတို့ကိုရရှိနိုင်ပါတယ်။ ဒီလိုဓာတ်ပြုခြင်းမျိုးကို "Spontaneous reaction" လို့ခေါ်တာပါပဲ။ တချို့မဂ္ဂနီဆီယမ် (မီးရှူးမီးပန်း ယမ်းတောင့်) လို ပစ္စည်းနဲ့ လေထဲက အောက်စီဂျင်တို့ဟာ သူ့အလိုလို ပေါင်းစပ်ဓာတ်ပြုခြင်း မဖြစ်ပါဘူး။ ဒီမဂ္ဂနီဆီယမ်ကို မီးညှိပေးလိုက်မှ (တစ်နည်းပြောရရင် စွမ်းအင်ပေါင်းထည့်ပေးလိုက်မှ) လေထဲက အောက်ဆီဂျင်နဲ့ ပေါင်းစပ်ပြီး၊ မဂ္ဂနီဆီယမ်အောက်ဆိုဒ် (ပြာမှုန့်) ကလေးတွေ ဖြစ်သွားတာပါ။ အဲဒီလို အပြင်က စွမ်းအင်တစ်ခုခုမထည့်ဘဲ အလိုလိုဓာတ်ပြုခြင်းမဖြစ်တဲ့ ဓာတ်ပြုခြင်းမျိုးကို "Non-spontaneous reaction"လို့ ခေါ်ပါတယ်။

**(ii) Exothermic and endothermic reactions**

**Exothermic reactions**

When sulphuric acid is slowly poured into water, the flask or beaker becomes hot. This is heat being released to the **surroundings** by the reacting **system**. This kind of change (reaction) is known as an **exothermic reaction**.




Exothermic reaction

Energy level diagram for exothermic reaction

(reactants ⟶ products + energy)

Exothermic reactions give out energy. So, there is a temperature rise. In exothermic reactions, the energy of the product is lower than the energy of the reactants because energy has been released during the reaction. This is shown on the energy level diagram.

## အင်္ဂလိပ်စာ ဆရာ ဦးဆန်းဝေ

၁၄ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### UNIT (5) COLOURS

**I. Read the passage.**

We live in a world of colours, don't we? We often say, or hear people say a clear blue sky, a deep blue sea, a red, red rose, as white as snow, as black as coal , and so on. But do we know that many everyday expressions in English are made from colours?

For example, sometimes, when the people we love are not near us, we feel blue, that is we feel sad and lonely. And the slow, sad, soulful music of the African-American အာဖရိကန် အမေရိကန်တို့၏ ဆွေးဆွေးမြွေ့မြွေ့ ခံစား ချက်ပါသော ဂီတ) is called blues because it reflects the sad lonely feelings of those African-Americans. Then there are, out of the blue, which means without warning; once in a blue moon, which means very rarely or hardly ever; blue-collar, (ကာယလုပ်သား) a term which refers to workers doing manual or unskilled work, and many others. (မှတ်ထားရန် white-collar worker= ဉာဏလုပ်သား)

What about green? If somebody has green fingers, (လက်ဆိပ်ရှိသောသူ = စိုက်ပျိုးရာတွင်အပင် ရှင်သန်ဖြစ်ထွန်း စေသော လက်စွမ်းရှိသူ) he or she has the natural skill of growing plants successfully. So if you do not have green fingers, don't ever think of taking up gardening as a hobby. And if someone is young and inexperienced, he or she is greenhorn, or we can say he or she is still green. (အပါးမဝသေးသောသူ၊ အစိမ်းသက်သက်) If someone is given the green light, (မီးစိမ်းပြ) it means he or she is allowed by someone in authority (အာဏာရှိသူ တစ်ယောက်ယောက်) to go ahead with a certain project or programme. A greengrocer (ကုန်စိမ်းရောင်းသူ) is of course a person or a shopkeeper that sells fruits and vegetables. And a term often heard these days is the greenhouse effect, (ဖန်လုံအိမ်အကျိုးသက်ရောက်မှု = ကမ္ဘာကြီးပူနွေးလာခြင်းကို ညွှန်းသောစကားလုံး) which refers to the warming of the earth's surface as a result of trapping (ပိတ်မိ) long-wave radiation (ရောင်ခြည်ဖြာထွက်မှု) by carbondioxide, ozone, and other gases in the earth's atmosphere.

**စာပိုဒ်ရဲ့အနှစ်ချုပ်**

ရောင်စုံကမ္ဘာဖြစ်ကြောင်း၊ အပြာ၊ အစိမ်းတို့နဲ့ပတ်သက်တာတွေကို ပြောပြထားတာဖြစ်တယ်။

**စွဲမြဲစွာမှတ်သားရန် တွဲသုံးလေ့ရှိသော အသုံးအနှုန်းများ-**

| | |
|---|---|
| as adj as | ကဲ့သို့ .......... သော |
| refer to (n) | .......... ကို ရည်ညွှန်း |
| take up | ဝါသနာတစ်ခုခုကို လိုက်စား |
| as a result of (n) | .......... ရလဒ်ကြောင့်၊ အကျိုးကြောင့် |
| hardly ever | .......... ဖြစ်တောင့်ဖြစ်ခဲ |
| in authority(idm) | .......... ဩဇာအာဏာရှိသော |

**Exercises**

**(A) Write the appropriate word or words to complete each sentence.**

1. We reside in a .......... world, don't we?
2. We can find that a lot of English idioms are .......... words.
3. Phrases like "clear blue sky," "deep blue sea," "red rose," "as white as snow," "as black as coal," and others are often .......... and ..........
4. There are moments when we feel blue, or depressed and alone because the people we love .......... nearby.
5. The slow, mournful, soulful music of African-Americans is known as ..........
6. If someone naturally possess the ability to nurture plants successfully, he has ..........
7. .......... describe people who do work needing strength or physical skill rather than office work.
8. Don't ever consider gardening as a hobby if you don't have ..........
9. .......... is an increase in the amount of carbon dioxide and other gases in the atmosphere (= mixture of gases around the Earth) which is believed to be the cause of a gradual warming of the surface of the Earth.
10. The peace commission gave us .......... to start negotiations between the two groups.
11. We don't want to work with a .........., who don't know enough to check up a simple list.

**(B) Give a full-sentence answer to each question.**

1. How many kinds of colours are there?
2. What are some examples of everyday expressions in English that are made from colours?
3. What is the actual meaning of "we feel blue"?
4. What kind of music is blues?
5. What does it mean when someone has "green fingers"?

**Answer keys**

I. (A). 1. colourful 2. colour 3. said, heard
4. are not 5. blues 6. green fingers
7. Blue-collar workers 8. green fingers
9. The greenhouse effect 10. the green light
11. greenhorn

I. (B). 1. There are many kinds of colours (3 primary colours (red, blue, yellow): 7 major colours (red, pink, orange, purple, yellow, blue, green).
2. Some examples of everyday expressions in English that are made from colours are out of blue, white colour and green fingers.
3. The actual meaning of we feel blue is that we feel sad and lonely.
4. The slow, sad soulful music of the African-American is blues.
5. When someone has "green fingers", it means that he or she has the natural skill of growing plants successfully.

## ရူပဗေဒ ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

၁၄ - ၁၀ - ၂၀၂၄ ရက်နေ့မှအဆက်-

### CHAPTER (5)

### Heat Transfer and Thermodynamics

၂၀၂၄-၂၀၂၅ပညာသင်နှစ် Grade-12 ရူပဗေဒဘာသာရပ် ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူများသည် Section (A) နှင့် Section (B) ဟူ၍ အပိုင်း(၂)ပိုင်း အမှတ် (၁၀၀)ဖိုး ဖြေဆိုရမည်။ Section(A) အပိုင်းတွင် အမှတ်(၄၀) ဖိုး ဖြေဆိုရမှာဖြစ်ပြီး Section (B) အပိုင်းတွင်မူ အမှတ်(၆၀) ဖိုး ဖြေဆိုရသည်။

မေးခွန်း No. (1) သည် True or False ရွေးချယ်ရပါမည်။ (၁)မှတ်တန် (၁၀)ပုဒ် ဖြေဆိုရမည်။ မေးခွန်း No.(2) သည် Fill in the blanks ဖြစ်ပြီး (၁)မှတ်တန် မေးခွန်း (၁၅) ပုဒ် ဖြေဆိုရမည်။ မေးခွန်း No.(3) သည် Multiple Choice များဖြစ်ပြီး ရွေးချယ်စရာ (၃) ခုမှ correct answer (၁) မျိုးတည်းကိုသာ ရွေးပေးရမည်။ (၁) မှတ်တန် (၁၅) ပုဒ် ဖြေဆိုရမှာဖြစ်ပါသည်။

**Section(A) Answer All Questions မှာ အမှတ်(၄၀) ဖိုး ပေးထား ပြီး (၄၀) မှတ်ဖိုး ဖြေဆိုရမှာဖြစ်သည့်အတွက် Chapter အားလုံး (Chapter 1 to Chapter 13) ထိ ကြည့်မှတ်ရန်လိုပါသည်။**

**I. Are the following statements TRUE (or) FALSE?**

(1) Heat is the form of energy.
(2) In fluids, heat is transferred by convection.
(3) In heat conduction, heat energy is transferred by successive distribution among the adjacent parts.
(4) All bodies at a temperature above absolute zero emit thermal radiation.
(5) If no heat is transferred, the process is adiabatic process.
(6) Heat engine converts heat to mechanical energy.
(7) The Carnot cycle consists of the four reversible processes.
(8) Carnot engine is not 100% efficient.
(9) Carnot engine is more efficient than other machine.

**II. Fill in the blanks.**

(1) In solid, heat is transferred by ................
(2) The emissivity of an object depends on the ................ of radiation.
(3) If heat is added to the system, Q is ................
(4) If heat is removed from the system, Q is ................
(5) If no volume is changed at the system, W is ................
(6) Thermal efficiency is the ratio of work output to the ................ input.
(7) Heat convection never occurs in a ................
(8) The SI unit of heat flux density is ................
(9) The SI unit of heat current is ................

**III. Choose the correct answer from the following.**

(1) Heat can be transferred from one system to another as a result of ................ different.
**(A. pressure, B. temperature, C. volume)**
(2) A measure of the ability of a material to conduct heat is ................
**(A. thermal conductivity, B. heat flux density, C. heat current)**
(3) The SI unit of thermal conductivity is ................
**(A. $Wm^{-1} K^{-1}$, B. $Wm^{-2}$, C. W)**
(4) If no change in temperature, $\Delta U$ is equal to ................
**(A. zero, B. Q, C. -W)**
(5) An isobaric process occurs at constant ................
**(A. pressure, B. volume, C. temperature)**
(6) The value of Stefan's constant, σ is ................
**(A. $5.685\times10^{-6}$ $Wm^{-2} K^{-4}$, B. $5.685\times10^{-8}$ $Wm^{-2} K^{-4}$, C. $5.685\times10^{-10}$ $Wm^{-2}K^{-4}$)**

**Answers**

I. (1) True (2) True (3) True (4) True (5) True
(6) True (7) True (8) True (9) True

II. (1) conduction (2) wavelength (3) positive
(4) negative (5) zero (6) heat
(7) solid (8) watt per metre squared
(9) watt

III. (1) B (2) A (3) A (4) A (5)A (6) B

# မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



**မကွေး အောက်တိုဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၈) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

**ခင်းကျင်းရောင်းချ**

အဆိုပါ ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကြီးအထိမ်းအမှတ် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိ ကပ်လှူပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲများအပြင် ဈေးဆိုင်တန်းများ၊ စားသောက်ဆိုင်များ၊ ကစားကွင်းများ၊ ဒေသထွက်ကုန် အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးရဟန်းရှင်လူမိဘပြည်သူများဖြင့် နေ့စဉ်အထူးစည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



# ထန်းတပင်မြို့နယ်၌ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက အမှတ် (၃) ရပ်ကွက်ရှိ ဦးစံအေးလမ်းနှင့် ဦးမောင်သင်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်တော်လောင်းလှူပွဲကို ကျင်းပသည်။

ဆွမ်းဆန်တော်များ လောင်းလှူရာတွင်လည်း ရပ်ကွက်နေပြည်သူများက ပေါ်တော်မူပြည်လုံးချမ်းသာဗုဒ္ဓရုပ်ပွားမြတ်ကြီး၊ ရှင်သီဝလိရဟန္တာမြတ်နှင့် မြို့ပေါ်ရပ်ကွက်ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ ၁၄၅ ပါးတို့အား ဆွန်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

# မူဆယ်မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မူဆယ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မြို့အဝင် မီးပွိုင့်လမ်းဆုံမှ သိန်းသန်းချီ အဝေးပြေးကွင်းသွားလမ်း၌ မူဆယ်မြို့နယ်လုံးကျွတ် (တတိယအကြိမ်) ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဧည့်ခံကျွေးမွေး**




ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ဦးဆောင်၍ ဆွမ်းဆန်စိမ်းလောင်းလှူသည့် ဒေသခံပြည်သူများအားလုံးကို ယဉ်ကျေးမှုအသင်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ပေါင်းစုံနှင့် စေတနာရှင်များက စတုဒိသာအဖြစ် ကချင်ရိုးရာ ဒံပေါက်၊ အစ္စလာမ်ဘာသာဝင်များက ကြက်ဆီထမင်း၊ အချိုရည် စသည့်စားသောက်ဖွယ်ရာများကို ဧည့်ခံကျွေးမွေးကြသည်။ တတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သံဃာတော်၊ သီလရှင်အပါး ၁၀၇၉ ပါးအတွက် တစ်ပါးလျှင် ငွေကျပ် ၂၆၀၀၀ ဖြင့် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်း လှူဒါန်းမှုစုစုပေါင်း ငွေကျပ် သိန်း ၂၈၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# လဲချားမြို့၌ သံဃာအပါး ၁၃၀၀ ကျော်အား မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**လဲချား အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် လဲချားမြို့ မဟာမြတ်မုနိဘုရားကြီးရှေ့၌ ကျင်းပသည်။

အဆိုပါ မြို့လုံးကျွတ်ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လဲချားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာရှိဘုန်းကြီးကျောင်းများမှ ဝါဆိုသံဃာများနှင့် သီလရှင်အပါး ၁၃၀၀ ကျော်တို့အား ဆွမ်းဆန်စိမ်းကို တပ်နယ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်ပြည်သူများက လောင်းလှူကြကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပေါင်းတည်အသင်းမှ သံဃာတော်များနှင့်ဘိုးဘွားများအား ဝတ္ထုငွေများဆက်ကပ်လှူဒါန်း

**ပေါင်းတည် အောက်တိုဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ဆွမ်းကြီးလောင်းပွဲ၌ ပေါင်းတည်အသင်း (ရန်ကုန်)က ယနေ့နံနက်ပိုင်းတွင် သံဃာတော်များနှင့် ပေါင်းတည်ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ဆက်ကပ်လှူဒါန်းရာတွင် ပေါင်းတည်မြို့ဘိုးဘွားရိပ်သာရှေ့၌ ဆောင်ရွက်ခဲ့ကြရာ ကြွချီလာကြသော သံဃာတော် ၁၄၄ ပါးအတွက် စုစုပေါင်းဝတ္ထုငွေကျပ် သိန်း ၃၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ပေါင်းတည်ဘိုးဘွားရိပ်သာမှ ဘိုးဘွား ၅၀ ကို စုစုပေါင်းငွေကျပ် ၁၀ သိန်းဖြင့် လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။ **ရွှေသား( ပြန်/ဆက်)**

# မောက်မယ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဝါကျွတ်ကန်တော့ပွဲများကျင်းပ



**မောက်မယ် အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအားလုံးကို ရပ်ကွက်/ကျေးရွာများမှ စုပေါင်း၍ သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ စတင်ပြီး သီတင်းကျွတ်လကွယ်နေ့အထိ ရပ်ကွက်/ ကျေးရွာများအလိုက် ဘုန်းကြီးကျောင်းများအား လိုက်လံကန်တော့သည့်အစဉ်အလာရှိရာ ယနေ့အထိ ရှမ်းရိုးရာဓလေ့မပျက် လှည့်လည်ကန်တော့ကြကြောင်း သိရသည်။

ထိုကဲ့သို့ ဘုန်းတော်ကြီးကျောင်းများအား လိုက်လံကန်တော့ရာ ယနေ့တွင် နမ့်လွတ်ကျေးရွာအုပ်စုမှ ဈေးတန်းရပ်ကွက်အတွင်းရှိ ပရိယတ္တိပါဒကသာသနဒ္ဓစာသင်တိုက်ဘုန်းတော်ကြီးကျောင်း၊ သထုံကျောင်းနှင့် မြို့ဦးကျောင်းသို့ စုပေါင်း၍ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်များဖြင့် အိုးစည်ဗုံမောင်းများတီးခတ်၍ လာရောက်ကန်တော့ကြပြီး ဒေသထွက်အသီးအနှံများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် လှူဒါန်းကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



# ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၂ တွင် ဖော်ပြပါရှိသည့် “ပဲခူးရွှေမော်ဓောဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား” သတင်းတွင် **တန်ဆောင်တိုင်ပွဲတော်ဖျော်ဖြေရေးယာဉ်** အစား **သီတင်းကျွတ်ပွဲတော်ဖျော်ဖြေရေးယာဉ်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်းအဖွဲ့**

❊ ကျောဖုံးမှ

အသင့်အတင့်ကောင်းမွန်ပါတယ်။ ကုလားပဲကို နှစ်စဉ်ဝယ်ယူနေတဲ့ နိုင်ငံတွေကတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတွေက ဝယ်ယူနေပါတယ်။ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲမျိုးအစားဖြစ်ပါတယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုးပါတယ်။ လက်ရှိအချိန်က၊ ကုလားပဲစိုက်ပျိုးတဲ့ရာသီချိန်ပါ။ ဈေးကောင်းရနေတဲ့အတွက်ကြောင့် စိုက်ဧကတွေလည်း ပိုမိုများပြားလာနိုင်ပါတယ်” ဟု ၎င်းကပြောသည်။

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထားစိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါကုလားပဲများ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ပလတ်စတစ်အမှိုက်များ ဖုံးလွှမ်းနေသည့်ကမ္ဘာ

•••••••••• မေယု-မျိုးအောင် (MANA) ••••••••••

**ကမ္ဘာကြီးသည် နှစ်စဉ်ပလတ်စတစ်အိတ်အလုံးရေ ငါးထရီလီယံ ထုတ်လုပ်လျက်ရှိရာ ၎င်းတို့ကို တစ်ခုနှင့်တစ်ခု ကပ်ထားပါက ကမ္ဘာဂြိုဟ်တစ်ခုလုံးကို ခုနစ်ကြိမ်ခန့် ပတ်ထားနိုင်မည်ဖြစ်သည်။ သို့သော် ကမ္ဘာကြီးသည် ထုတ်လုပ်ခဲ့သော ပလတ်စတစ်အိတ်များ၏ ကိုးရာခိုင်နှုန်းကိုသာ ပြန်လည်အသုံးပြုကြကြောင်း အစီရင်ခံစာအချို့က ဆိုသည်။ ပလတ်စတစ်၏ အဓိကပြဿနာမှာ ၎င်းသည် စက္ကူ၊ သစ်ရွက်မှိုက်၊ သစ်၊ ဝါး စသည့်အော်ဂဲနစ်ပစ္စည်းများကဲ့သို့ ဆွေးမြည့်ကွယ်ပျောက်သွားခြင်းမရှိဘဲ နှစ်ပေါင်းများစွာတည်မြဲနေခြင်းဖြစ်စေ၊ ရေထုအတွင်းဖြစ်စေ၊ အခြားသောဓာတ်များနှင့် ဓာတုတုံ့ပြန်မှုဖြစ်ကာ ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ဒြပ်ပေါင်းများထွက်ရှိလာသဖြင့် ဂေဟစနစ်ကိုလည်း ပျက်စီးစေပါသည်။ ငှက်များသည် ကြေမွနေသော ပလတ်စတစ်အိတ်များကို အစာအဖြစ် မကြာခဏမှားယွင်းစားသောက်မိကြသည်။ ဆာလောင်မွတ်သိပ်နေသော ပင်လယ်လိပ်များသည် ရေခူနှင့် ရေပေါ်ပလတ်စတစ်အိတ်များကို ခွဲခြားနိုင်စွမ်း မရှိသလောက်ဖြစ်သည်။**

လူ့သမိုင်းတွင် စက်မှုတော်လှန်ရေးကာလအတွင်း တစ်ခါသုံးထုတ်ကုန်များကို ကဲ့ရဲ့ရှုတ်ချခဲ့ကြသည်။ သို့သော် ယင်းကာလပြီးဆုံး၍ ခေတ်သစ်သို့အရောက်တွင် ပလတ်စတစ်သည် ဈေးပေါပြီး အရေအတွက်များစွာရရှိနိုင်သည့် ထုပ်ပိုးပစ္စည်းအရင်းအမြစ် ဖြစ်လာခဲ့သည်။ လူတို့၏ နေ့စဉ်ဘဝတွင် မရှိမဖြစ်အသုံးပြုနေရသည့် ပစ္စည်းဖြစ်လာသည်။ သို့သော်လည်း ယခုအခါ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် လူနှင့် တိရစ္ဆာန်တို့သာမက ဂေဟစနစ်တစ်ခုလုံးကို ဘေးဥပဒ်ပေးနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည်။ တစ်နည်းဆိုရလျှင် လူသားတို့၏ ပယောဂကြောင့်ဖြစ်ပေါ်လာရသည့် ကမ္ဘာလုံးဆိုင်ရာကပ်ဘေးတစ်ခု ဖြစ်လာသည်။ ယခုအခါ အလွန်သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများကိုပင်လျှင် လူတို့၏ ခန္ဓာကိုယ်အတွင်း စတင်တွေ့ရှိနေရပြီဖြစ်ရာ နိုင်ငံအသီးသီးအနေဖြင့် ပလတ်စတစ်ထိန်းချုပ်မှုကို အလေးထားမလုပ်ဆောင်နိုင်ပါက မမျှော်မှန်းနိုင်သော အကျိုးဆက်များကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ကမ္ဘာ့နိုင်ငံများအနေဖြင့် ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်များ ရောက်ရှိနေမှုကို မထိန်းချုပ်နိုင်ပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပင်လယ်သမုဒ္ဒရာနေ သတ္တဝါမျိုးစိတ်ပမာဏထက် ပလတ်စတစ်ပမာဏက ပိုများနေလိမ့်မည်ဖြစ်ကြောင်း သတိပေးထားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပလတ်စတစ်ညစ်ညမ်းမှု အများဆုံးနိုင်ငံဖြစ်လာပြီး နှစ်စဉ် တန်ချိန် ၉ ဒသမ ၃ သန်း စွန့်ပစ်နေကြောင်း မကြာသေးမီကထုတ်ပြန်ခဲ့သော Nature လေ့လာမှုတစ်ခုတွင် ဖော်ပြထားသည်။ ယင်းပမာဏသည် ကမ္ဘာတစ်ဝန်း ပလတ်စတစ်စွန့်ပစ်မှု၏ ငါးပုံတစ်ပုံခန့်ရှိနေကြောင်းနှင့် ပလတ်စတစ်စွန့်ပစ်မှု ဒုတိယအများဆုံးသည် တန်ချိန် ၃ ဒသမ ၅ သန်းဖြင့် နိုင်ဂျီးရီးယားနိုင်ငံဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ပလတ်စတစ် စွန့်ပစ်ပစ္စည်းပမာဏသည် ၅၂ ဒသမ ၁ တန်အထိရှိခဲ့ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။ ပလတ်စတစ်များကို ပတ်ဝန်းကျင်မှ ဖယ်ရှားရန်မှာ ကုန်ကျစရိတ်များစွာရှိသည်။ သေးငယ်သော နည်းလမ်းများမှ ကြီးမားသော အကျိုးကိုရရှိမည်ဖြစ်သည်။ စနစ်တကျစွန့်ပစ်ခြင်း၊ သုံးစွဲမှုကန့်သတ်ခြင်းများ စတင်သည့်နေရာမှလုပ်ဆောင်ကြရမည်။ ဒဏ်ငွေရိုက်ခြင်းများသည် လုပ်ဆောင်ရန်ခက်ခဲသော်လည်း နိုင်ငံကြီးများတွင် ကျင့်သုံးနေကြသည်။ ဖော့ဘူးသုံးခြင်း၊ တစ်ခါသုံးပလတ်စတစ်များသုံးခြင်းကို တားမြစ်ခြင်း၊ ယမကာပုလင်းများကို ပြန်လည်ပြုပြင်သောနေရာသို့ ပို့ပေးလျှင် ငွေပြန်ပေးခြင်း စသည်တို့ကို လုပ်ဆောင်နေကြသည်များရှိသည်။



### ပလတ်စတစ်အိတ်ပေါင်း တစ်ဘီလီယံကျော် သိမ်းဆည်းနိုင်ခဲ့

တစ်ခါသုံးပလတ်စတစ်များ သုံးခြင်းကို ကိုယ်တိုင်လျှော့ချနိုင်သည်။ ဈေးဝယ်သွားရာတွင် အိမ်တွင်ရှိသော ပလတ်စတစ်အိတ်၊ အဝတ်အိတ်များကို ယူဆောင်သွားလျှင် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ဆိုလျှင် သိသာစွာလျော့ကျသွားမည်ဖြစ်သည်။ အချို့ဈေးဝယ်စင်တာများ တစ်ပတ်လျှင် တစ်ရက် ပလတ်စတစ်အိတ်မသုံးသောနေ့ သတ်မှတ်ထားသည်။ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ လိုတက်စ် ဈေးဝယ်စင်တာတွင် ဈေးဝယ်ရန်အတွက် ကိုယ်ပိုင်အိတ်များယူသွားရသည်။ အိတ်မပါလျှင် ပလတ်စတစ်အိတ်တစ်လုံးကို တစ်ဘတ်နှင့်ဝယ်ရသည်။ နယူးဇီလန်နိုင်ငံသည် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစတင်ပြီး နိုင်ငံရှိ စူပါမားကတ်များတွင် ပလတ်စတစ်အိတ်များ သုံးစွဲမှုကို ပိတ်ပင်တားမြစ်လိုက်သည်။ ၂၀၁၉ ခုနှစ်မှစတင်ပြီး ဈေးဝယ်ရာတွင် ကိုယ်ပိုင်အိတ်များကိုသာ ယူဆောင်သွားလေ့ရှိကြသည်။ ၎င်းနှစ်တွင် အထူစားပလတ်စတစ်အိတ်များကို တားမြစ်ခဲ့ပြီး သက်ဆိုင်ရာမှ သိမ်းဆည်းခဲ့ရာ ပလတ်စတစ်အိတ်ပေါင်း တစ်ဘီလီယံကျော်ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စူပါမားကတ်များတွင် ပလတ်စတစ်အိတ်သုံးစွဲမှု ပိတ်ပင်လိုက်ခြင်းမှာ ကမ္ဘာပေါ်တွင် ပထမဆုံးနိုင်ငံဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၂၄ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် တစ်ခါသုံးပလတ်စတစ်များသုံးစွဲမှုကို ပိတ်ပင်သည့် မူဝါဒ ထုတ်ပြန်ခဲ့သည်။ ပလတ်စတစ်ရေဘူး၊ ဖျော်ရည်ဘူးများကို မသောက်ခြင်းဖြင့် မိုက်ခရိုပလတ်စတစ်များကို ရှောင်နိုင်မည်ဖြစ်သည်။ ပလတ်စတစ်ပုတီးစေ့အသေးလေးများကို ဆန့်ကျင်ရန်၊ အစားအသောက်ထည့်ရန် အိမ်မှယူသွားခြင်း၊ ဖန်၊ ကြွေခွက်၊ စတီးခွက်များ၊ သဘာဝပစ္စည်းဖြစ်သော ဖက်ရွက်၊ အင်ဖက်ရွက်၊ ဝါး၊ သစ်သားနှင့်လုပ်သောပစ္စည်းများကို အစားထိုးသုံးစွဲနိုင်သည်။ ပလတ်စတစ်ထုတ်ကုန်များကို ထိန်းသိမ်းခြင်း၊ ပြန်လည်ပြုပြင်ခြင်းဖြင့် ရေရှည်သုံးစွဲလျှင် စွန့်ပစ်ပစ္စည်းများ လျော့သွားမည်ဖြစ်သည်။ မသုံးစွဲလျှင်ရောင်းခြင်း၊ လှူခြင်းဖြင့် လိုအပ်သူများ သုံးနိုင်မည်ဖြစ်သည်။ ပြန်လည်ပြုပြင်သုံးစွဲရန်အတွက် ဒီဇိုင်းထုတ်ရန်၊ ပြန်လည်ပြုပြင်သုံးစွဲခြင်းကို မြှင့်တင်ရန်နှင့် ပျက်စီးလွယ်သည့် ပလတ်စတစ်ကို ပိုအသုံးပြုရန် စသည့်နည်းလမ်းများဖြင့် ပလတ်စတစ်အန္တရာယ်ကို လျှော့ချရန် ကြိုးပမ်းနေကြသည်။ ပြန်လည်ပြုပြင်သုံးစွဲနိုင်သော ပလတ်စတစ်ပစ္စည်းများ စွန့်ပစ်သော ပုံးများထားပေးရန်လိုပြီး မှန်ကန်စွာထည့်သောအကျင့်ကို လေ့ကျင့်ကြရမည်ဖြစ်သည်။

### ရက်ပေါင်း ၉၀ အတွင်း ဆွေးမြည့်

ယနေ့ကမ္ဘာ့ဈေးကွက်တွင် ပလတ်စတစ်ကင်းသောထုတ်ကုန်များ ခင်းကျင်းပြသရန် ကမ်းလှမ်းနေကြပြီဖြစ်သည်။ မိုက်ခရိုပလတ်စတစ်ကင်းသော မျက်ခုံးမွေးဆွဲခဲတံ၊ နှုတ်ခမ်းနီ၊ သစ်သား/ဝါးနှင့် လုပ်သော သွားတိုက်တံ၊ စုတ်တံ၊ ဝက်မှင်ဘီးနှင့် သဘာဝချည်နှင့်ဖန်တီးသော တီရှပ်အထိဖြစ်သည်။ ကြံဖက်မှ စာရွက်အကြမ်း၊ တစ်ခါသုံးဘူးခွက်များ၊ ပန်းကန်များ ထုတ်နိုင်ပြီး ရက်ပေါင်း ၉၀ အတွင်း ဆွေးမြည့်သွားသည်။ တစ်ဦးတစ်ယောက်ချင်းစီသည် ပလတ်စတစ်များကို လျှော့သုံးခြင်း၊ စနစ်တကျစွန့်ပစ်မည်ဆိုလျှင် တောရိုင်းတိရစ္ဆာန်၊ ပင်လယ်သတ္တဝါများကို ကာကွယ်နိုင်သည်။ မြစ်ချောင်းများသန့်ရှင်းပြီး ပင်လယ်သမုဒ္ဒရာကို ထိန်းသိမ်းနိုင်မည်။ လူ့အသိုင်းအဝိုင်းတွင် ညစ်ညမ်းမှုနှင့် ကျန်းမာရေးအန္တရာယ်လျော့နည်းသွားမည့်အပြင် ကမ္ဘာကြီးပူနွေးမှုကို လျှော့ချနိုင်သည်။ နိုင်ငံအလိုက်ပြင်းထန်သော ဥပဒေများချမှတ်ခြင်း၊ နည်းဗျူဟာအသစ်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများကို ထိထိရောက်ရောက် လုပ်ဆောင်ရန်လိုသည်။ ကုန်းနေ၊ ရေနေသတ္တဝါများ၏ အသက်အန္တရာယ်နှင့် နေထိုင်မှုကို ကာကွယ်ရန်၊ ဂေဟစနစ်ကို ထိန်းသိမ်းရန်အတွက် ပလတ်စတစ်ထုတ်ကုန်နှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေသည်။

> **ယခုအခါ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် လူနှင့် တိရစ္ဆာန်တို့သာမက ဂေဟစနစ်တစ်လုံးကို ဘေးဥပဒ်ပေးနိုင်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည်။ တစ်နည်းဆိုရလျှင် လူသားတို့၏ ပယောဂကြောင့်ဖြစ်ပေါ်လာရသည့် ကမ္ဘာလုံးဆိုင်ရာကပ်ဘေးတစ်ခု ဖြစ်လာသည်။ ယခုအခါ အလွန်သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများကိုပင်လျှင် လူတို့၏ခန္ဓာကိုယ်အတွင်း စတင်တွေ့ရှိနေရပြီဖြစ်ရာ နိုင်ငံအသီးသီးအနေဖြင့် ပလတ်စတစ်ထိန်းချုပ်မှုကို အလေးထားမလုပ်ဆောင်နိုင်ပါက မမျှော်မှန်းနိုင်သော အကျိုးဆက်များကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ကမ္ဘာ့နိုင်ငံများအနေဖြင့် ပင်လယ်သမုဒ္ဒရာအတွင်း ပလတ်စတစ်များရောက်ရှိနေမှုကို မထိန်းချုပ်နိုင်ပါက ၂၀၅၀ ပြည့်နှစ်အရောက်တွင် ပင်လယ်သမုဒ္ဒရာနေ သတ္တဝါမျိုးစိတ်ပမာဏထက် ပလတ်စတစ်ပမာဏက ပိုများနေလိမ့်မည်ဖြစ်ကြောင်း သတိပေးထား**

### ပလတ်စတစ်အညစ်အကြေး တန်ချိန်ပေါင်း သန်း ၄၀၀ ဝန်းကျင် ထွက်ရှိ

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်း ပလတ်စတစ်အညစ်အကြေး တန်ချိန်ပေါင်း သန်း ၄၀၀ ဝန်းကျင် ထွက်ရှိနေသည်။ ယင်းပလတ်စတစ်အိတ်အများစုကို မိနစ်အနည်းငယ်ကြာအသုံးပြုပြီးနောက် စွန့်ပစ်ခဲ့ကြသည်။ ဆွေးနွေးညှိနှိုင်းသူများက ယခုနှစ်အတွင်း ပလတ်စတစ်အညစ်အကြေးနှင့် ပတ်သက်၍ ကမ္ဘာ့ပထမဆုံး သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရန် မျှော်မှန်းထားကြသည်။ အေအက်ဖ်ပီ သတင်းဌာန၏ တွေ့ရှိချက်အရ မတူညီသောနိုင်ငံပေါင်း ငါးနိုင်ငံ၌ ဈေးသက်သာပြီး အဆင်ပြေပြေ ရွေးချယ်အသုံးပြုနိုင်သောကြောင့် တစ်ခါသုံး ပလတ်စတစ်အိတ်များသည် လူကြိုက်များလျက်ရှိသည်။ ယင်းနိုင်ငံ ငါးနိုင်ငံ၏ စိန်ခေါ်မှုရှိသော အခြေအနေများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ကပ်ရောဂါမတိုင်မီက တစ်ခါသုံးပလတ်စတစ်အိတ်ကို အကန့်အသတ်ဖြင့် အသုံးပြုမှုစတင်ခဲ့ပြီး လက်လီအရောင်းဆိုင်ကြီးများအား ပလတ်စတစ်အိတ်များကို အခမဲ့ပေးခြင်းအား ရပ်တန့်ရန်တိုက်တွန်းခဲ့သည်။ သို့သော် လမ်းဘေးဈေးဆိုင်အချို့ကသာ ယင်းမူဝါဒကို လိုက်နာပြီး အများစုကမူ လျစ်လျူရှုခဲ့ကြသည်။ ထိုင်းနိုင်ငံသည် နှစ်စဉ်နှစ်တိုင်း ပလတ်စတစ်အညစ်အကြေး တန်ချိန်နှစ်သန်းထွက်ရှိသည်ဟု နိုင်ငံ၏ညစ်ညမ်းမှုထိန်းချုပ်ရေးဌာနက ထုတ်ပြန်ထားသည်။ ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ ၁၁ ရာခိုင်နှုန်းကို သိမ်းဆည်းခြင်းမရှိဘဲ ယင်းပလတ်စတစ်များသည် လောင်ကျွမ်းခြင်း၊ အမှိုက်ပုံများတွင် စုပုံနေခြင်း သို့မဟုတ် မြစ်များနှင့် သမုဒ္ဒရာများသို့ ယိုစီးသွားခြင်းများရှိနေကြောင်း ဆိုသည်။

စာမျက်နှာ ၂၄ သို့ ❐

# တရုတ်နိုင်ငံ၏ အောင်မြင်မှုရရှိနေသည့် လျှပ်စစ်ကား ထုတ်လုပ်ရေးလုပ်ငန်း

**စိုးသူရ**

ယနေ့ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးကို ဦးစားပေးဆောင်ရွက်လာကြသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း လေထုညစ်ညမ်းမှုကို လျှော့ချရန် ကြိုးပမ်းမှုအဖြစ် လောင်စာဆီစွမ်းအင်သုံးကားများအစား လျှပ်စစ်ကားများကို အစားထိုးသုံးစွဲလာကြသည်။ အိမ်နီးချင်း တရုတ်နိုင်ငံတွင် လျှပ်စစ်ကား ကျယ်ပြန့်စွာထုတ်လုပ်နေပြီး အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။



တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ကားအစီးရေ ၄ ဒသမ ၉၁ သန်း ပြည်ပသို့တင်ပို့ခဲ့ပြီး ယင်းတို့အနက် ၁ ဒသမ ၂၀၃ သန်းသည် လျှပ်စစ်ကားများဖြစ်သည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် တရုတ်နိုင်ငံ၏ လျှပ်စစ်ကားများသည် ပြည်တွင်းရောပြည်ပတွင်ပါ အခိုင်အမာ အသိအမှတ်ပြုမှုရရှိနေကြောင်း မီးမောင်းထိုးပြနေသည်။

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေး လုပ်ငန်းများ အောင်မြင်ရခြင်းမှာ လျှပ်စစ်ကား ထုတ်လုပ်မှုဆိုင်ရာကျွမ်းကျင်သူ လုပ်သားအများအပြားရှိခြင်းနှင့် ဈေးကွက်၏ ဝယ်လိုအားကို အချိန်တိုအတွင်း အောင်မြင်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ပညာရှင်များက ပြောကြားသည်။ တရုတ်နိုင်ငံသည် လျှပ်စစ်ကားကဏ္ဍတွင် ကမ္ဘာ့ထိပ်တန်းထုတ်လုပ်သူနှင့် ရောင်းချသူအဖြစ် ကိုးနှစ်ဆက်တိုက် ရပ်တည်ခဲ့သည်။ တရုတ်နိုင်ငံတွင်ထုတ်လုပ်သည့် လျှပ်စစ်ကားများသည် သာမန်လျှပ်စစ်ကားအဆင့်မှ ညဏ်ရည်တုနည်းပညာသုံးကားများအဖြစ်သို့ တိုးမြှင့်ကူးပြောင်းနေကြကြောင်း တရုတ်လျှပ်စစ်ကားကုမ္ပဏီ Voyah မှ အမှုဆောင်ချုပ် လူဖန်းက ပြောကြားသည်။

အန်ဟူပြည်နယ် ဟီဖီမြို့ကဲ့သို့သော တရုတ်နိုင်ငံရှိ ဒေသအချို့သည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေသော လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းအတွက် ပြီးပြည့်စုံသော ထောက်ပံ့ရေးကွင်းဆက်စနစ်ကို ထူထောင်ထားသည်။

ယင်းဒေသတွင် နိုင်ငံပိုင်လျှပ်စစ်ကား ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းများရှိသည်။

ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေး ကောင်းမွန်မှုတို့ကြောင့် တရုတ်လျှပ်စစ်ကားများသည် ဥရောပဒေသတွင် အလွန်ရေပန်းစားလျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများသည် ဥရောပဒေသ လျှပ်စစ်ကားဈေးကွက်၏ လေးပုံတစ်ပုံကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ဥရောပသယ်ယူပို့ဆောင်ရေးအဖွဲ့က ပြောကြားသည်။

ပါရီအခြေစိုက် နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏ အဆိုအရ တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများသည် ကမ္ဘာတစ်ဝန်း ရောင်းချမှု၏ ၆၀ ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံမှ လျှပ်စစ်ကားကုမ္ပဏီများသည် ထိုင်းနိုင်ငံတွင် စက်ရုံဖွင့်လှစ်၍ ဈေးကွက်ချဲ့ထွင်နိုင်ရန် ဆောင်ရွက်နေသည်။

တရုတ်လျှပ်စစ်ကား ထုတ်လုပ်သူများသည် ထိုင်းနိုင်ငံတွင် စက်ရုံများတည်ထောင်ကာ ဖက်စပ်လုပ်ငန်းများ တည်ထောင်၍ နည်းပညာမြင့်ကားများကို ထုတ်လုပ်ခဲ့သဖြင့် ထိုင်းနိုင်ငံသားများနှင့် ပြည်တွင်းမော်တော်ကားလုပ်ငန်းအတွက် အကျိုးရှိကြောင်း ထိုင်းနိုင်ငံ လျှပ်စစ်မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူ Suroj Sangsnit က ပြောကြားသည်။

တရုတ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းဖြစ်သည့် NIO သည် ဥရောပနိုင်ငံ ငါးနိုင်ငံဖြစ်သည့် နော်ဝေ၊ ဂျာမနီ၊ ဒိန်းမတ်၊ ဆွီဒင်နှင့် နယ်သာလန်နိုင်ငံတို့၌ ဘက်ထရီပြုပြင်ထိန်းသိမ်းရေးစခန်း ၅၄ ခုနှင့် အားသွင်းစခန်း ၂၁ ခုတို့ကို ထူထောင်ထားသည်။ ထို့အပြင် NIO သည် ဥရောပဒေသတွင် ဆန်းသစ်တီထွင်မှုစင်တာဖွင့်လှစ်ထားပြီး လျှပ်စစ်ကားထုတ်လုပ်ရေးပိုင်းတွင် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို ဆောင်ရွက်နေသည်။ ယနေ့ခေတ်သည် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို လျှော့ချပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေးဆောင်ရွက်နေသည့် ခေတ်ဖြစ်သဖြင့် တရုတ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်မှုသည် ယနေ့ခေတ်နှင့်ကိုက်ညီမှုရှိပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

**ကိုးကား – ဆင်ဟွာ**

> **“ ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေးကောင်းမွန်မှုတို့ကြောင့် တရုတ်လျှပ်စစ်ကားများသည် ဥရောပဒေသတွင် အလွန်ရေပန်းစားလျက်ရှိသည်။ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများသည် ဥရောပဒေသလျှပ်စစ်ကားဈေးကွက်၏ လေးပုံတစ်ပုံကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ဥရောပသယ်ယူပို့ဆောင်ရေးအဖွဲ့က ပြောကြားသည်။ ပါရီအခြေစိုက် နိုင်ငံတကာစွမ်းအင်အေဂျင်စီ၏ အဆိုအရ တရုတ်နိုင်ငံထုတ်လျှပ်စစ်ကားများသည် ကမ္ဘာတစ်ဝန်း ရောင်းချမှု၏ ၆၀ ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံမှ လျှပ်စစ်ကားကုမ္ပဏီများသည် ထိုင်းနိုင်ငံတွင် စက်ရုံဖွင့်လှစ်၍ ဈေးကွက်ချဲ့ထွင်နိုင်ရန် ဆောင်ရွက်နေ ”**

## ငရုတ်ကောင်းမြို့၌ ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

ငရုတ်ကောင်း အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းတွင် Grade – 2 မှ ကျောင်းသား ကျောင်းသူများ ပုံပြင်ပြောပြိုင်ပွဲကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ကျော့်မာလာလွင်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ငရုတ်ကောင်းမြို့ (အထက) Grade – 2 မှ ကျောင်းသား ကျောင်းသူများက ပုံပြင်ပြောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား မြို့အဆင့်ဌာနဆိုင်ရာအကြီးအကဲများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ငရုတ်ကောင်း(ပြန်/ဆက်)**

❒ စာမျက်နှာ ၂၃ မှ

၅၀၀ မီလီမီတာ ပလတ်စတစ်ရေအိတ် နှစ်ထုတ်၏တန်ဖိုးမှာ နိုင်ဂျီးရီးယားနိုင်ငံသုံး ငွေကြေးနိုင်ရာ ၅၀ မှ ၂၅၀ ကြားရှိပြီး ၇၅၀ မီလီမီတာ ရေသန့်တစ်ဘူး၏ တန်ဖိုးမှာ နိုင်ရာ ၂၅၀ မှ ၃၀၀ ကြားရှိသည်။ ယင်းပလတ်စတစ်ရေအိတ်များ ပေါ်ပေါက်လာသည့် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကတည်းက အာဖရိကတစ်ဝန်းတွင် ၎င်းတို့သည် အဓိကညစ်ညမ်းမှုများဖြစ်လာသော်လည်း ယင်းရေအိတ်များသည် သောက်သုံးရန်၊ ချက်ပြုတ်ရန်နှင့် လျှော်ဖွပ်ရန်တို့အတွက်သာ အသုံးများကြသည်။ လာဂို့စ်တွင် ထိုပလတ်စတစ်ရေအိတ်များ ထုတ်လုပ်သည့် ကုမ္ပဏီ ၂၀၀ ခန့်ရှိပြီး အများစုမှာ ပြန်လည်အသုံးပြုနိုင်သည့် ပလတ်စတစ်အိတ်များကို အသုံးပြုကြသည်။ အထူးသဖြင့် အများပြည်သူသုံးအမှိုက်ပုံနည်းပါးပြီး သဘာဝပတ်ဝန်းကျင်ပညာပေးမှု အကန့်အသတ်သာရှိသည့် နိုင်ဂျီးရီးယားနိုင်ငံတွင် အညစ်အကြေးပမာဏသည် ပြန်လည်အသုံးပြုနိုင်သော ပမာဏထက် ပိုမိုများပြားနေသည်။ လာဂို့စ်သည် တစ်ခါသုံးပလတ်စတစ်အိတ်အသုံးပြုမှုကို တားမြစ်ပိတ်ပင်ခဲ့သော်လည်း ထိရောက်မှုအားနည်းခဲ့သည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ နိုင်ဂျီးရီးယားနိုင်ငံတစ်ဝန်းတွင် နေ့စဉ်နေ့တိုင်း ပလတ်စတစ်ရေအိတ် သန်း ၆၀ အထိ စွန့်ပစ်မှုများရှိနေသည်ဟု ဆိုသည်။

ရီယိုဒီဂျနေးရိုး၏ အလှပဆုံးကမ်းခြေများတွင် နေ့စဉ်နေ့တိုင်း ဈေးသည်များသည် ဖျော်ရည်များကို သတ္တုပုံးများအတွင်းသို့ထည့်၍ နေပူစာလှုံနေကြသော အပန်းဖြေသူများကို ပလတ်စတစ်ခွက်များဖြင့်ထည့်၍ ရောင်းချလေ့ရှိသည်။ ၂၀၁၉ ခုနှစ်တွင် စတုတ္ထမြောက် ပလတ်စတစ်အညစ်အကြေး အထုတ်ဆုံးနိုင်ငံစာရင်းတွင် ရပ်တည်နေသည့် ဘရာဇီးနိုင်ငံတွင် ယင်းကဲ့သို့ ရောင်းချမှုသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိကြောင်း အသက် ၄၇ နှစ်အရွယ် ဈေးသည်တစ်ဦးဖြစ်သည့် အာသာဂျော့ချ်ဒါဆေဗာက ဆိုသည်။ ပိုမိုသက်သာပြီး အသုံးပြုရလွယ်သည့် ရွေးချယ်မှုများ မရှိကြောင်း ၎င်းကဆိုသည်။ ရီယို၏ ကမ်းခြေများတစ်လျှောက်ရှိ အမှိုက်ပုံများတွင် နေ့အလိုက် အညစ်အကြေး တန် ၁၃၀ ခန့် ရှိသော်လည်း ပလတ်စတစ်အမှိုက်ဟူ၍ ခွဲခြားထားခြင်းမရှိဘဲ ဘရာဇီးနိုင်ငံ အညစ်အကြေးများ၏ သုံးရာခိုင်နှုန်းကိုသာ နှစ်စဉ်ပြန်လည်အသုံးပြုကြသည်။

**မြေဆွေး သို့မဟုတ် သဘာဝပစ္စည်းများ**

၂၀၁၈ ခုနှစ်ကတည်းက ရီယို၏စားသောက်ဆိုင်များနှင့် ဘားများတွင် ပလတ်စတစ်ပိုက်များကို အသုံးမပြုရန်နှင့် ဈေးဆိုင်များတွင် ပလတ်စတစ်အိတ်များကို အခမဲ့မပေးရန် တားမြစ်ပိတ်ပင်ထားသော်လည်း အများစုသည် ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ၂၀၁၆ ခုနှစ်ကတည်းက တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုကို တားမြစ်ပိတ်ပင်ထားသည်။ ပိုက်များနှင့် ပလတ်စတစ်ဇွန်း၊ ခက်ရင်းနှင့် ဓားကဲ့သို့ပစ္စည်း ပျောက်ကွယ်သွားသော်လည်း ပလတ်စတစ်အိတ်များကိုမူ ဆက်လက်အသုံးပြုနေကြဆဲဖြစ်သည်။ ပါရီ၏ အလီဂရီဈေးတွင် ဈေးဆိုင်များ၌ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များနှင့် ပလတ်စတစ်အိတ်အထုပ်များကို ဈေးဝယ်သူများအတွက် စီစဉ်ပေးထားသည်။ အိတ်အများစုတွင် ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုနိုင်ဟူသည့် တံဆိပ်တပ်ထားသော်လည်း အချို့အိတ်များတွင်မူ မြေဆွေး သို့မဟုတ် သဘာဝပစ္စည်းများဖြင့် ပြုလုပ်ထားကြောင်း ဖော်ပြထားသည်။ ကျွမ်းကျင်သူများသည် ယင်းအခိုင်အမာပြောကြားချက်အချို့၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို မေးခွန်းထုတ်ခဲ့ကြသည်။

ဒူဘိုင်းရှိ အယ်လိုဘေရွတ် စားသောက်ဆိုင်တွင် ပလတ်စတစ်ဖော့ဘူးများကို ထပ်ထားပြီး အစားအသောက်များကိုယင်းဖော့ဘူးများအတွင်းသို့ ထည့်ကာ လိုက်လံပို့ဆောင်ရန် ပြင်ဆင်ထားသည်။ လမ်းသွားလမ်းလာနည်းပါးပြီး ပူပြင်းသောရာသီဥတုကြောင့် လူဦးရေ ၃ ဒသမ ၇ သန်းရှိသည့် ဒူဘိုင်းတွင် အများစုသည် ဓာတ်ဆီမှအစ ကော်ဖီအထိ အရာအားလုံးအတွက် ပစ္စည်းပို့ဆောင်မှုအပေါ် မှီခိုအားထားကြသည်။ ယူအေအီးတွင် နေထိုင်သူများသည် ကမ္ဘာပေါ်တွင် တစ်ဦးချင်းအလိုက် အမှိုက်ပမာဏအများဆုံးထွက်ရှိသည့် နိုင်ငံများတွင် အပါအဝင်ဖြစ်သည်။ တစ်ခါသုံးပလတ်စတစ်အသုံးပြုမှုသည် နိုင်ငံတွင်းရှိ အသုံးပြုသော ပလတ်စတစ်အားလုံး၏ ၄၀ ရာခိုင်နှုန်းရှိသည်။ ပလတ်စတစ်အိတ်သုံးစွဲမှုကို ငြင်းပယ်ခြင်း၊ ပလတ်စတစ်အိတ်အသုံးပြုမှုကို လျှော့ချခြင်း၊ ပလတ်စတစ်အိတ်အဟောင်းများကို အမှိုက်အဖြစ်စွန့်ပစ်ခြင်းမပြုဘဲ ပြန်လည်အသုံးပြုခြင်း၊ အသုံးပြုပြီးသော ပလတ်စတစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်သုံးပြီး အသစ်ပြန်လည်ထုတ်လုပ်ခြင်း၊ အသုံးပြုပြီးသော ပလတ်စတစ်အိတ်ခွံများကို စုစည်း၍ ပြန်လည်အသုံးပြုနိုင်သော နေရာများသို့ ပြန်လည်ပေးပို့ခြင်း စသည့်နည်းလမ်း ငါးသွယ်ကို လုပ်ဆောင်ခြင်းဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကို လျှော့ချသင့်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# အာဆင်နယ်အတွက် အနီကတ်ပြဿနာ အများဆုံးကြုံတွေ့နေရခြင်းက ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ဖို့ အဟန့်အတားဖြစ်စေခဲ့ခြင်းလား

အာဆင်နယ်အသင်းဟာ ယခု ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ကစားသမား သုံးဦးအထိ အနီကတ်ပြထုတ်ပယ်ခံခဲ့ရခြင်းနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီ ဖြစ်ပါတယ်။

**ပထမဆုံးအနီကတ်**

ယခုနောက်ဆုံး အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကတော့ ဝီလီယံဆာလီဘာ ဖြစ်ပြီး အောက်တိုဘာ ၁၉ ရက်ညပိုင်းက ဘုန်းမောက်အသင်းကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်တဲ့ပွဲစဉ်မှာ အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာပါ။ အဲဒီလိုထုတ်ပယ်ခံခဲ့ရခြင်းဟာ ဝီလီယံဆာလီဘာအတွက် ကစားသမားဘဝ ပထမဆုံးအနီကတ်ပြ ထုတ်ပယ်ခံခဲ့ရခြင်းလည်းဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ အဲဒီပွဲစဉ်မှာ တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာကြောင့် ဘုန်းမောက်အသင်းကို ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ယခုဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲ ရှုံးပွဲမရှိစံချိန်လည်း ရပ်တန့်ခဲ့ရပါတယ်။

ဝီလီယံဆာလီဘာ အနီကတ်ပြ ထုတ်ပယ်ခြင်းမခံရမီ ဘောလုံးရာသီအစ ပွဲစဉ်တွေမှာ ဒီကလန်ရိုက်နဲ့ လီအန်ဒရိုထရော့ဆက်တို့လည်း အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရပြီး အဲဒီလို အနီကတ်ပြ ထုတ်ပယ်ခံရတိုင်း တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာကြောင့် ရမှတ်ဆုံးရှုံးမှုတွေလည်း ဖြစ်ပေါ်ခဲ့ရတာ ဖြစ်ပါတယ်။

လီအန်ဒရိုထရော့ဆက်ဟာ မန်စီးတီး အသင်းနဲ့ ပွဲစဉ်မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ တစ်ယောက်လျော့နဲ့ ကစားခဲ့ရလို့ အာဆင်နယ်အသင်းဟာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိနေတဲ့ရလဒ်ကနေ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ရှစ်မိနစ်မှာ ဂျွန်စတုန်းရဲ့ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရတာကြောင့် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ရမှတ် တစ်မှတ်သာ ရရှိခဲ့တာဖြစ်ပါတယ်။

ဒီကလန်ရိုက်ကတော့ ဘရိုက်တန် အသင်းနဲ့ပွဲစဉ်မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာလည်း အာဆင်နယ်အသင်းဟာ အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရပေမယ့် တစ်ယောက်လျော့နဲ့ကစားခဲ့ရလို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကာ ရမှတ်တစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

ဘုန်းမောက်အသင်းနဲ့ ပွဲစဉ်မှာ အနီကတ်ပြထုတ်ပယ်ခံခဲ့ရတဲ့ ဝီလီယံဆာလီဘာဟာ အောက်တိုဘာ ၂၇ ရက်မှာ လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ လီဗာပူးအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမယ့်ပွဲစဉ်နဲ့ လွဲချော်ရတော့မှာ ဖြစ်ပါတာ်။



အာဆင်နယ်အသင်းဟာ လီဗာပူး အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပွဲစဉ် မတိုင်မီ အမှတ်ပေးဇယားထိပ်က လီဗာပူး အသင်းနဲ့ တစ်မှတ်အကွာမှာရှိနေတယ် ဆိုပေမယ့် လီဗာပူးအသင်းက ချယ်လ်ဆီး အသင်းနဲ့ ပွဲစဉ်၊ အာဆင်နယ်အသင်းနဲ့ ပွဲစဉ်တွေမှာ အနိုင်ရအောင် ကစားနိုင်ခဲ့ရင်တော့ အာဆင်နယ်အသင်းကို ခုနစ်မှတ် အထိဖြတ်ထားနိုင်တော့မှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီ နှစ်ရာသီမှာ အာဆင်နယ်အသင်းနဲ့ အနီးကပ်ဆုံး ပြိုင်ဘက်ဖြစ်ခဲ့တဲ့ လက်ရှိချန်ပီယံ မန်စီးတီးအသင်းကလည်း ဆောက်သမ်တန်ကို အနိုင်ရမယ်ဆိုရင် အာဆင်နယ် အသင်းကို ခြောက်မှတ် ဖြတ်ထားနိုင်ဦးမှာပါ။

ပရီမီယာလိဂ်ပြိုင်ပွဲမှာ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံဖြစ်ခဲ့တဲ့ အသင်းတွေတောင် ယခု အာဆင်နယ် အသင်းရဲ့ အနီကတ်ပြထုတ်ပယ်ခံရတဲ့ အကြိမ်ရေလောက် မများခဲ့တာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ နောက်ပိုင်း ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ခြောက်ကြိမ်အထိ ဆွတ်ခူးထားတဲ့ မန်စီးတီးအသင်းတောင် ချန်ပီယံဖြစ်ခဲ့တဲ့နှစ်တိုင်း တစ်ရာသီအတွင်း အနီကတ်နှစ်ကြိမ်သာရှိခဲ့ပြီး လီဗာပူး အသင်းက တစ်ကြိမ်၊ ချယ်လ်ဆီးအသင်းဆို ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက ချန်ပီယံဖြစ်ခဲ့ပေမယ့် အနီကတ်ပြသခံရခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။

နည်းပြ အာစင်ဝင်းဂါးလက်ထက်မှာ ပရီမီယာလိဂ်ပွဲစဉ် ၈၂၈ ပွဲမှာ အနီကတ်ပြသခံရမှုအကြိမ်ရေ ၇၈ ကြိမ်ရှိခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်နောက်ပိုင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ အနီကတ်ပြသခံရမှု အများဆုံးအသင်းက အာဆင်နယ် အသင်းဖြစ်နေပြီး ပွဲစဉ် ၁၈၀ မှာ အနီကတ် ၁၈ ကြိမ်အထိ ပြသခံခဲ့ရတာ ဖြစ်ပါတယ်။ အာဆင်နယ်ပြီးရင် ဝုလ်ဗာဟမ်တန်အသင်းက ၁၇၉ ပွဲမှာ အနီကတ်ပြသခံရမှု ၁၃ ကြိမ်၊ အဲဗာတန် အသင်းက ပွဲစဉ် ၁၈၀ မှာ အနီကတ်ပြသခံရမှု ၁၃ ကြိမ်၊ ချယ်လ်ဆီးအသင်းက ၁၇၉ ပွဲမှာ အနီကတ်ပြသခံရမှု ၁၁ ကြိမ်၊ ဘရိုက်တန်အသင်းက ပွဲစဉ် ၁၈၀ မှာ အနီကတ်ပြသခံရမှု ၁၁ ကြိမ် အသီးသီး ရှိထားခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် အာဆင်နယ်အသင်း အနေနဲ့ ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲကစား ရသေးချိန်မှာ အနီကတ်ပြသခံရမှု သုံးကြိမ်အထိရှိလာခြင်းက လက်ရှိအချိန်မှာ ပရီမီယာလိဂ် ချန်ပီယံဆုဖလားရရှိနိုင်မယ့်အခွင့်အလမ်းအတွက် အဟန့်အတား တစ်ခုဖြစ်နေပြီလားဆိုတဲ့ စိုးရိမ်မှုတွေပါ မြင့်တက်နေခဲ့တာဖြစ်ပါတယ်။

## မန်စီးတီးအသင်းက ကီလီဝေါ်ကာအား ရောင်းချမည်



မန်စီးတီးအသင်းဟာ အသက် ၃၄ နှစ်အရွယ်ရှိ အသင်းခေါင်းဆောင် ကီလီဝေါ်ကာကို လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ ရောင်းချသွားမှာဖြစ်တယ်လို့ သိရပါတယ်။

နောက်တန်းကစားသမား ကီလီဝေါ်ကာရဲ့ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၆ ခုနှစ် ဇွန်လမှာ ကုန်ဆုံးမှာဖြစ်ပေမယ့် မန်စီးတီးအသင်းက စာချုပ်သစ်ထပ်တိုး ချုပ်ဆိုဖို့ မရှိတဲ့အပြင် လာမယ့်အပြောင်းအရွှေ့မှာ ရောင်းချသွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ကီလီဝေါ်ကာဟာ ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းက စပါး အသင်းကနေ မန်စီးတီးအသင်းဆီ ပေါင်သန်း ၅၀ နဲ့ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား ခြောက်ကြိမ်၊ အက်အေဖလား နှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်တို့ကို ရယူပေးထားနိုင်ခဲ့သူဖြစ်ပါတယ်။

**ပစ်မှတ်ထား**

မန်စီးတီးအသင်းဟာ ကီလီဝေါ်ကာကို ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းခန့်နဲ့ ရောင်းချဖို့ပြင်ဆင်လျက်ရှိပြီး ကစားသမားကိုယ်တိုင်ကတော့ ဆော်ဒီအာရေဗျကလပ် အယ်လ်အာလီအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။



## စတုဂတ်ကိုအနိုင်ရပြီး ပြိုင်ပွဲသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှု အဆုံးသတ်ခဲ့ပြီဖြစ်တဲ့ ဘိုင်ယန်မြူးနစ်

ဘိုင်ယန်မြူးနစ်အသင်းဟာ စတုဂတ်အသင်းနဲ့ အောက်တိုဘာ ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်မှာ စတုဂတ်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့မှုကို အဆုံးသတ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းနဲ့ စတုဂတ်အသင်းတို့ ပွဲစဉ်မှာ တိုက်စစ်မှူး ဟယ်ရီကိန်းက ပွဲကစားချိန် ၅၇ မိနစ်၊ မိနစ် ၆၀ နဲ့ မိနစ် ၈၀ တို့မှာ ဟက်ထရစ်၊ ၈၉ မိနစ်မှာ ကိုးမန်းက တစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တဲ့ ဟယ်ရီကိန်းကတော့ ယခုဘောလုံးရာသီ ဘွန်ဒက်လီဂါ ပြိုင်ပွဲ ပွဲစဉ်ခုနစ်ပွဲမှာ ရှစ်ဂိုးသွင်းထားပြီး ဂိုးဖန်တီးမှု လေးကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ဘွန်ဒက်လီဂါ နှစ်ပွဲမှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် အခုစတုဂတ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းဟာ လိုက်ပ်ဇစ်အသင်းကို ဂိုးကွာခြားချက်နဲ့ ကျော်ဖြတ်ကာ အမှတ်ပေးဇယား ထိပ်ကို ပြန်လည်ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ စတုဂတ်အသင်းကတော့ အမှတ်ပေးဇယားအဆင့် (၉)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၁၈-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

မျက်ခုံးအပင့်နှင့်အတူ ပြုံးရိပ်လေးနှင့် သူပြောသည်။ ကျွန်တော်ပြုံးလိုက်၍ -

"မသွားချင်ပါဘူး"

"ဘာဖြစ်လို့"

ကျွန်တော်က ကံ့ကော်တော၏ စိုးမိုးနေသော ရွက်အုပ်များဆီ မော့ကြည့်ရင်း

"ဒီနားလေးက စိတ်ချမ်းသာတယ်"

"ဖြစ်ရပြန်ပြီ"

ချစ်မျက်စောင်းသည် ရင်ကိုလာလှုပ်၏။

"ဟုတ်တယ်၊ ဖြစ်နိုင်ရင် ဒီထက်ကောင်းတဲ့နေရာတောင်သွားချင်တယ်"

ခင်လေး ခေါင်းကိုငဲ့ကြည့်ကာ -

"ဘယ်လဲ"

"ရုပ်ရှင်ရုံကို"

"အို . . . ဘာမှန်းလဲမသိဘူး သွား"

ငြိမ်နေသော စကားဝိုင်းသည် ခုမှ စည်ပင်သာယာလာ၏။ ပတ်ဝန်းကျင်လေးကလည်း လှုပ်ရှားလာသည်။ ကျွန်တော်တို့ ဘေးဘက်ခုံတန်းလေးဆီမှလည်း ရယ်သံလေးများ ပေါ်ထွက်လာသည်။

မျက်လုံးများသည် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ စုရုံးစုရုံးဖြစ်နေကြသော လူအုပ်ဆီ ရောက်သွားပြန်သည်။

"ခင်လေး . . . ဟိုမှာ"

ကျွန်တော်ပြသည့်နေရာသို့ ခင်လေး လှမ်းကြည့်လိုက်သည်။

"ဪ . . . ဒီနေ့ ရီဟာဇယ် ရှိတာပဲ"

နောက်နေ့တွင် ပြုလုပ်မည်ဖြစ်သော ဘွဲ့နှင်းသဘင်အတွက် အစမ်းလေ့ကျင့်ခြင်း ပြုလုပ်နေကြသည့်လူအုပ်မှာ ဟိုသွားဒီသွားဖြင့် လှုပ်ရှားနေ၏။ သူတို့နှင့် ကျွန်တော်တို့မှာ အတော်အလှမ်းဝေးနေသဖြင့် မျက်နှာများကို သဲသဲကွဲကွဲမမြင်နိုင်။ သို့သော် တက်ကြွရွှင်လန်းသောမျက်နှာလေးများ ဖြစ်နေကြမည်မှာ သေချာလှ၏။

"အားကျစရာကြီးနော်"

သူက ကျွန်တော့်စကားကို ပြုံး၍လက်ခံသည်။ ကျွန်တော်က ဆက်၍ -

"ကိုယ်တော့ ကျောင်းမြန်မြန်ပြီးချင်လှပြီ"

"ခင်လေးတော့ မပြီးချင်သေးပေါင်"

သူက ကျွန်တော့် စကားအသွားအလာကို ရိပ်မိဟန်ဖြင့် ပြောင်နောက်နောက် အမူအရာ တမင်လုပ်သည်။

"ကျောင်းပြီးတာနဲ့ ကိုယ်တော့ ခင်လေးကို ရအောင်ခိုးမှာပဲ"

ခင်လေး လက်ကလေးသည် ဖျတ်ခနဲ ကျွန်တော့်ပေါင်ကို လာရိုက်၏။ မျက်စောင်းက ထက်ကြပ်မကွာပါလာသည်။


"ဟင်း . . . မိဘကို လုပ်ကျွေးမယ်တော့ မစဉ်းစားဘူး"

"အမယ် . . . သိပ်စဉ်းစားတာပေါ့။ ဒါပေမဲ့ တစ်ယောက်တည်း သက်သက်တော့ လုပ်မကျွေးဘူး။ ချွေးမပါ အိမ်ခေါ်ပြီးထားမှာပေါ့။ အမေနဲ့ အဖော်ရအောင်"

ခင်လေး အမူအရာ ပျာပျာသလဲဖြစ်သွားသည်။ နှုတ်ခမ်းကို သိသာအောင် စူလိုက်သည်။ မျက်နှာကိုလည်း ဟန်ဖြင့်တင်းရင်း-

"ကြည့်စမ်း၊ သူ့ဘာသာသူတော့ ချောနေတာပဲ။ လိုက်နိုင်ပါဘူး

**❝ ကြည့်စမ်း၊ သူ့ဘာသာသူတော့ ချောနေတာပဲ။ လိုက်နိုင်ပါဘူး တောကို၊ ရွှံ့တွေဗွက်တွေနဲ့ ညစ်ပေတူးနေတဲ့ရွာ ကျွန်တော် ရယ်လိုက်၏။ သူ့ဘက်သို့ မသိမသာ တိုးလိုက်ကာ "မရဘူး အမိရေ၊ ရွှံ့ကြောက်လို့ မရတော့ဘူး။ ခင်ဗျားလေး ကြိုက်ထားတာက တောသားဗျ။ ဟိုတုန်းက ချောင်းနောက်ဆံထုံးပါ။ ခုခေတ်မှာ ဆံရှည်နောက် ဆံတိုပါတဲ့၊ မကြားဖူးဘူးလား" မကြားဖူးပါဘူး၊ ခေတ်ဟောင်းက အယူအဆတွေ အားလုံးကို တော်လှန်ပစ်လိုက်ပြီ ❞**




တောကို၊ ရွှံ့တွေဗွက်တွေနဲ့ ညစ်ပေတူးနေတဲ့ရွာ"

ကျွန်တော် ရယ်လိုက်၏။ သူ့ဘက်သို့ မသိမသာ တိုးလိုက်ကာ

"မရဘူး အမိရေ၊ ရွှံ့ကြောက်လို့ မရတော့ဘူး။ ခင်ဗျားလေး ကြိုက်ထားတာက တောသားဗျ။ ဟိုတုန်းက သျှောင်နောက်ဆံထုံးပါ။ ခုခေတ်မှာ ဆံရှည်နောက် ဆံတိုပါတဲ့၊ မကြားဖူးဘူးလား"

"မကြားဖူးပါဘူး၊ ခေတ်ဟောင်းက အယူအဆတွေအားလုံးကို တော်လှန်ပစ်လိုက်ပြီ"

သူ့လေသံနှင့် သူ့အမူအရာကြောင့် နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်လိုက်ကြသည်။ ရယ်ခြင်းကြောင့် ကိုယ်များလှုပ်ရှားကြသော်လည်း နှစ်ယောက်သား ဝေးမသွား။ သူက ကိုယ့်ဘက်လှုပ်၍ ကိုယ်က သူ့ဘက်လှုပ်ဖြင့် လက်မောင်းများ နွေးထွေးသွားသည်။

ရယ်သံလေးများမှ မဆုံးမီ -

"အဲ . . . ပြောရင်းဆိုရင်း"

ခင်လေး ဖျတ်ခနဲ ခေါင်းငုံ့လိုက်၏။ အဓိပတိလမ်းမပေါ်တွင် ကားနက်လေးတစ်စီး။ မာစီဒီး နှစ်ရာ့နှစ်ဆယ် အက်စ်အမျိုးအစား၊ မျက်နှာချင်းဆိုင်ဘက်မှ လာနေသည်။ နံပါတ်နှင့် ကားမောင်းလာသူ၏ မသဲမကွဲ သဏ္ဌာန်အရ ကိုကိုလတ်။

အရှိန်နှေးနှေးဖြင့် မောင်းလာသောကြောင့် ကျွန်တော်က ကားလေး ကျော်လွန်သွားရန် အတော်ကြာကြာလေး စောင့်ရသည်။ ရင်ထဲတွင် ခိုးလိုးခုလုတစ်ခု ပေါ်လာ၏။

ကိုကိုလတ်နှင့် ကြုံဆုံမှုများက များလှချည်လား။ နိုင်ငံခြားကုမ္ပဏီ ကိုယ်စားလှယ်နှင့် တက္ကသိုလ် ဘာပတ်သက်သနည်း။ သံသယနှင့်အတူ အမေးတစ်ခု ခေါင်းထဲဝင်လာ၏။ တမင်များ ကိုကိုလတ် လိုက်ကြည့်နေလေရော့သလား။

သက်ပြင်းချသံလေးတစ်ခု ခင်လေးဆီမှ ကြားရသည်။

အတန်ကြာ စကားမဆိုဖြစ်။ ကံ့ကော်တောသို့ လေတိုးသံနှင့် ပတ်ဝန်းကျင်မှ တီးတိုးသံလေးများသာ ရှိနေသည်။

ဒုတိယမြောက် သက်ပြင်းချလိုက်သူကတော့ ကျွန်တော်။

"ရှုရီ-နမောဗုဒ္ဓါယ၊ ဘုရားသခင်သာသနာ အနှစ်တစ်ထောင့်ခြောက်ရာ နှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးရကား ဤအရိမဒ္ဒနာပုရ်မည်သော ပြည်၌ကား ရှရီတြိဘာဝနာ ဒိတျဒမ္မရာဇ်မည်သော မင်းဖြစ်၏။ ထိုမင်း၏ ပါယ်မယားတစ်ယောက်သော်ကား တြိလောက ဝဋ္ဋံသကာဒေဝီမည်၏၊ တောက် . . ."

ခပ်တိုးတိုး စာရွတ်သံအဆုံး ကျယ်လောင်သော တောက်ခေါက်သံ တစ်ချက် ပေါ်လာသည်။ ခေါင်း တဗျင်းဗျင်းကုတ်သံကိုလည်း ကြားရ၏။ ကျွန်တော့်အတွေးလက်စဖြတ်လိုက်ပြီး ပေါဦးဘက်လှည့်၍-

"ဘယ်လိုဖြစ်တာလဲဟ၊ စာကျက်နေတာကလည်း"

ပေါဦးက စာအုပ်ကို စားပွဲပေါ် အသံမြည်အောင် ပစ်ချလိုက်ရင်း-

"ပြောချင်ပါဘူးကွာ၊ ဟိုတုန်းက ကြားဖူးတာက ပုဂံရာဇဝင် တုတ်ထမ်းငြင်းရတယ်ပဲ ကြားဖူးတယ်။ ခုတော့ ပုဂံကျောက်စာအလွတ်ကျက်မှ တွေ့တဲ့လူ တုတ်နဲ့ လိုက်ရိုက်ချင်စိတ်ပေါ်နေတယ်"

ကျွန်တော်က သူ့ညည်းချင်းကို သဘောကျစွာ ရယ်လိုက်ပြီး-

"ဒါတော့ကွာ မြန်မာစာ ကျောင်းသားပဲ၊ ဒီလောက်တော့ရှိမှာပေါ့။ နောက်နှစ်နောက်နှစ်ကျ ဒါထက်ဆိုးဦးမယ်"

"တော်ပြီ၊ ကျောင်းဆက်မတက်တော့ဘူး။ မိန်းမပဲ ဘွဲ့ရအောင်သင်ခိုင်းပြီး အေးအေးဆေးဆေး ထဘီနား ခိုစားတော့မယ်"

"ကောင်းတယ်၊ ခုခေတ် မိန်းကလေးတွေက ထဘီနား ကြမ်းတိုက်ဝတ်တတ်ပါဘိသနဲ့ ချွေးချေးပုံ တရွတ်တိုက်လာတဲ့ ထဘီနားသွားစားမိမှ ငန်ကျွက်ငန်ကျွက်ကလေးနဲ့ ရန့်မွှေးနေမယ်"

ခုတင်ပေါ်တွင် နံရံကိုမှီ၍ထိုင်နေသော စန်းလွင်က သာသာကလေးဝင်နှက်သည်။

"ထွီ . . . ပေါက်တီးပေါက်ရှာ"

ပေါဦး အသံအဆုံး ဝိုင်းရယ်လိုက်ကြသည်။

စောစောက ရှုပ်ထွေးနေသောစိတ်များ လွင့်စဉ်သွားသည်။ ပေါဦးသည် စိတ်ပျက်လက်ပျက်နှင့် ခုတင်စောင်းတွင်ထိုင်သည်။ စန်းလွင်က ပေါဦး ပခုံးကိုပုတ်၍ -

"လုပ်မနေပါနဲ့ ပေါဦး၊ သူများထက်ထူးပြီး နဖူးချွေးမပါချင်နဲ့။ ဒီအချိန် ဘယ်ကျောင်းသားမှ စာမကျက်သေးဘူး။ ဒီတမ်းကိုတောင် ဖရီးတမ်းလို့ခေါ်တာ မင်းမသိဘူးလား"

ဟုတ်တော့ ဟုတ်သည်။ ဒီဇင်ဘာ ကျောင်းပိတ်ရက်နှင့် မတ်လ ကျောင်းပိတ်ရက်ကြား စာသင်ချိန်ကို ဖရီးတမ်း လွတ်လပ်သောကာလဟု သတ်မှတ်သည်။ စာမေးပွဲလုံးဝမရှိ။ စာမေးပွဲက ဇွန်၊ ဇူလိုင်လောက်မှ ရှိတော့သည်။

ပေါဦးက စပ်ဖြီးဖြီးလုပ်၍ -

"အဲဒီအချိန် စာကြည့်ရင် သူများ နည်းနည်းအထင်ကြီးမလားလို့"

ကျွန်တော်က လှဲနေရာမှ ငေါက်ခနဲ ထထိုင်၍ -

"ဟေ့ကောင်၊ ဒီတက္ကသိုလ်မှာ အရူးကို အထင်ကြီးတဲ့ကောင် တစ်ကောင်မှမရှိဘူး"

ပေါဦးမျက်စောင်း ချက်ချင်းရောက်လာသည်။ မကျေမနပ်လေသံနှင့် သတိပေးဟန် လက်ညှိုးထောင်ရင်း -

"မင်းစကား မင်းပြန်ရုပ်သိမ်းပါ ငါ့ညီ၊ မင်းအသက် ငယ်ငယ်လေးပဲ ရှိသေးတယ်။ မင်းရဲ့ နှလုံးသားတစ်ခုလုံးဟာ ငါ့လက်ထဲမှာရှိတယ်ဆိုတာ နည်းနည်းဂရုပြုပါဦး"

သူ့စကားကြောင့် စန်းလွင်က ပြူးပြူးပြဲပြဲထ၍ -

"ဘယ်လို၊ ထွန်းဝေ နှလုံးက မင်းလက်ထဲမှာ ဟုတ်လား။ မင်းတို့ နှစ်ယောက် တစ်ခန်းထဲနေပြီး ရိုးမှရိုးရဲ့လားကွာ"

ကျွန်တော် ဝါးလုံးကွဲ ထရယ်၏။ ပေါဦးမျက်စောင်း ဟိုကောင့်ဘက် လှည့်သွားပြီး -

"နှလုံးသားကွ၊ မင်း ဘာမှဝင်မရှုပ်နဲ့။ ကာယကံရှင်နဲ့ ဒီကိစ္စအကျေအလည် ဆွေးနွေးရမယ်။ ဒီစော်ကားမှုဟာ ငါ့အသရေကို ထိခိုက်တယ်"

စန်းလွင်က တမင် အူနှိပ်ရယ်ဟန်ပြု၍

"ဟုတ်တယ် ထွန်းဝေ၊ ပြန်ရုပ်သိမ်းပါ။ နို့မို့ သွားရည်ထိရင်ဗိုက်မှာ ခွေးရူးဆေး တစ်ဆယ့်လေးလုံး ထိုးနေရမယ်"

သည်တစ်ချီ ပေါဦး လိုမ့်ခံနေရ၏။ ထိုအခိုက် တံခါးပေါက်မှ အောင်လင်း ဝင်လာသည်။ ကျွန်တော်တို့ ရယ်နေသည်ကိုကြည့်ပြီး ခပ်မာန်မာန်ဖြင့် ဝင်ပြောသည်။

"ဟေ့ကောင်တွေ ဘာလို့ ဒီလောက်ဆူနေတာလဲ။ ဒီမှာ ဖဲရှုံးလို့ စိတ်ညစ်နေတဲ့ကောင်၊ အာရုံပျက်တယ်ကွ"

သူ့စကားကြောင့် ကျွန်တော်သူ့ကိုကြည့်လိုက်သည်။ သူ့အိတ်ကပ်သည် ပြားချပ်လာ၍ သူ့လက်တွင် နာရီဖြူဖြူလေးသာရှိတော့၏။ ခါတိုင်းပတ်နေကျ စီကိုဖိုက်နာရီလေး မရှိတော့။ သည်တစ်ခါဝင်တွယ်သည်က ပေါဦး။

"ရှီး … ကုန်လာပြန်ပြီ မဟုတ်လား။ အိတ်ထဲလည်း လေတောင်မရှိတော့ဘူး။ လက်မှာလည်း နာရီမပါဘူး။ မင်းတို့ ငါ့ပစ္စည်းကို ကြပ်ကြပ်ဖြုန်းသိလား၊ မင်းရော မင်းအမေရောပစ်ပြီး ငါထွက်သွားမှ မင်းတို့သိကြမယ်"

အောင်လင်းကလည်း အညှံ့မခံပါ။ ချက်ချင်းတုံ့ပြန်၏။

ဝါးခနဲရယ်သံများပေါ်လာ၏။

ပေါဦးက အနားမှခေါင်းအုံးဖြင့် အောင်လင်းကို လှမ်းပစ်သည်။ အောင်လင်းက ဆီးဖမ်းလိုက်ပြီး ကျွန်တော့် ခုတင်ဘက်တွင် ဝင်ထိုင်သည်။

စန်းလွင်က အောင်လင်းကို လှမ်း၍ -

"ဘာလဲ ရှုံးလား၊ ဘယ်သူတွေနဲ့လဲ"

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည်အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သီးထပ်သီးညှပ် စိုက်ပျိုးခြင်းဖြင့် တောင်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာနိုင်

မင်းဘူး အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် တောင်သူလယ်သမားများဖြစ်ကြကာ လယ်ယာကိုင်းကျွန်းများပေါ်တွင် မိုးလေဝသမှန်ကန်ပြီး သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်မည်ဆိုပါက သီးနှံများ အထွက်တိုးလာကာ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာပေမည်။

သီးထပ်စိုက်ပျိုးခြင်းတွင် မိုးစပါး – ကုလားပဲ – နွေစပါး၊ မိုးစပါး–မတ်ပဲ–နွေစပါး၊ မိုးစပါး–နှမ်း– နွေစပါး စသည်ဖြင့် အချိန်အခါပေါ်မူတည်၍ အမျိုးမျိုးစိုက်ပျိုးနိုင်သလို သီးညှပ်စိုက်ပျိုးရာတွင်လည်း မြေပဲ+ပဲစင်းငုံ၊ ပဲစင်းငုံ+ပဲတီစိမ်း စသည်ဖြင့် စိုက်ပျိုးကြသည်။

### တွန်းအားပေးဆောင်ရွက်

မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ပျိုးခဲ့သည့် စိုက်ဧရိယာများအပေါ် သီးထပ်သီးညှပ်အဖြစ် နွေစပါး အပါအဝင် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများကို အစိုဓာတ်မကုန်ဆုံးမီ အချိန်ကိုက် စိုက်ပျိုးသွားနိုင်ရေး အတွက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် စီမံကိန်း တာဝန်များပေးအပ်၍ တွန်းအားပေးဆောင်ရွက်ကြရသည်။

နွေစပါး စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း ဆည်ရေအား ဇန်နဝါရီ ၁ ရက်မှစတင်၍ ရေပေးဝေကာ ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်၍ နွေစပါးအပြင် အခြားသီးနှံများဖြစ်သည့် ပဲအမျိုးမျိုးနှင့် ချဉ်ပေါင်၊ ငရုတ်၊ ပြောင်း၊ စားဖိုဆောင် သီးနှံများကိုပါ အလေးထားစိုက်ပျိုးကြသည်။ သီးထပ် သီးညှပ်အဖြစ် နွေစပါးကိုစိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးခြင်း မပြုကြရန်နှင့် မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးရန်အတွက် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တာဝန်ပေးအပ်ထားသော ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးများက နွေစပါးစိုက်တောင်သူတစ်ဦးချင်းအား ကွင်းဆင်းစည်းရုံး၍ ပညာပေးဆောင်ရွက်လျက်ရှိသည်။

လယ်မြေ၊ ယာမြေများအတွက် မျိုးကောင်း၊ မျိုးသန့်များ ရှာဖွေဝယ်ယူနိုင်ပြီး သီးထပ်၊ သီးညှပ်များလည်း စိုက်ပျိုးနိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍမှ ထုတ်ကုန်နှစ်ဆ တိုးလာမည်။ ထိုသို့ နှစ်ဆတိုးလာသည့်အတွက် ယခုလက်ရှိထက် ဆီထွက်သီးနှံ၊ ဆန်စပါး၊ ပဲအမျိုးမျိုးတို့ အထွက်နှုန်းနှစ်ဆ တိုးလာပါက ပြည်သူများအတွက် ဝင်ငွေတိုးလာမည့်အပြင် စားရေရိက္ခာများလည်း တိုးလာမည်ဖြစ်သည်။

ဇေယျာထက်(မင်းဘူး)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ( ၄၅ )ရပ်ကွက်၊ ဦးတင်အေးလမ်း၊ အမှတ်(၉၈၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ်(၉၈၉)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၉၉၁)နှင့် ကပ်လျက်ခြမ်း (အလျား၂၀ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှု ဌာနရှိ မြေစာရင်းမှတ်တမ်းတွင် ဦးတင်သိန်း(N/OKA -၀၀၃၄၃၈) အမည်ပေါက် မှတ်သားထားပါသည်။ ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် (၁၆-၅-၂၀၁၃)ရက်နေ့က ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးကျော်စွာဦး [၉/သစန(နိုင်)၀၀၁၄၈၂]၊ ဒေါ်စိုးစိုးထွေး [၁၂/လမန(နိုင်) ၀၃၂၀၆၀] တို့(၂)ဦးမှ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက မြေကွက်နှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

### “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၃)လမ်း(အောက်ဘလောက်)၊ အမှတ်–၆၀၊ RC ၃–ထပ်တိုက်၏ မြေညီထပ်၊ အခန်း(၁)ခန်း၊ အကျယ်အဝန်း(၁၅' x ၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလှသောင်း(ခ)ကျိုရပ်စွန် [၁၂/လသန(နိုင်)၀၁၆၄၃၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်၍ ၎င်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်လှလှနွယ် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၈၇)**
**တိုက်အမှတ်–(၉/၁၁)၊ အခန်းအမှတ်(၁၀၃/E)၊ ၃၆–လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၉၅၃၁၃၉၃၇၅၊ ၀၉–၇၈၁၄၃၅၄၇၄**

### ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ်(၇၂) (၅)လွှာ/ဘီ၊ တိုက်ခန်းအကျယ်အဝန်း(ပေ၂၀ x ပေ ၆၀)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါတိုက်ခန်းသည် ဒေါ်နေဇာအောင် [၁၃/တယန(နိုင်) ၀၃၆၈၅၆]ကိုင်ဆောင်ထားသူက တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်သော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူများ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်အောင်(LL.B, BBS)**
**တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၀၂၂၇/ ၂၇–၁–၂၀၁၅)**
**အမှတ်(၂၀ ဘီ)၊ မြေညီထပ်၊ လှည်းတန်း (၆)လမ်း**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉ – ၄၂၀၁၈၉၈၉**

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၂၅ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ ဆောင်ရွက်လိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–194(24–25) | Barytes (Local) (3,000) Tons | Ks |
| (၂) | DMP/L–195(24–25) | Metering and Control System Upgrading for Hmawbi Gas Receiving and Metering Station (GRMS) (1) Lot အား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |
| (၃) | DMP/L–196(24–25) | Metering and Control System Upgrading for Biscuit and Instant Noodle (Hmawbi) Factory (1) Lot အား Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်း | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၁–၁၀–၂၀၂၄** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၄–၁၁–၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီ** တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း–၀၆၇–၄၁၁၂၀၆**

### အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ(ဘ) ဦးမင်းအောင် [၁၄/ဝခမ(နိုင်)၀၀၁၃၅၅] ၏ သမီး မသင်းရတီထက် အား မဆုလာဘ်ထူး ဟုပြောင်းလဲ ခေါ်ဆိုပါရန်။

**မဆုလာဘ်ထူး**

### သွေးသည် အသက်

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ မေယုလမ်းနေ ဒေါ်မို့မို့ရီ [၈/ပခက(နိုင်)၀၇၅၆၁၃]နှင့် မစုစန္ဒီသော် [၁၂/လမန(နိုင်)၁၆၁၅၄၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ မောင်ရှိန်းမောင်မောင်ထက် [၁၂/လမန(နိုင်)၁၅၃၉၈၇]နှင့် ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများသည် မိခင်ဖြစ်သူ ဒေါ်မို့မို့ရီ၊ ညီမဖြစ်သူ မစုစန္ဒီသော်တို့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇၃၆၂၁၆၉၊ ၀၉–၉၄၅၅၄၅၅၅၃**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၇၅)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ၅–လွှာ(တိုက်ရှေ့မျက်နှာမူလျှင်–ဝဲဘက်အခြမ်း)၊ အကျယ်အဝန်း (၁၃ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်ရီရီမာ [၈/ပခက (နိုင်) ၀၈၀၆၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာဝင်း [၁၂/တမန (နိုင်)၀၀၁၇၀၆]က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးအောင်(LLB) အထက်တန်းရှေ့နေ (စဉ်–၄၈၄၃၁)**
**အမှတ် (၆၅)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉– ၄၀၂၅၉၄၃၄၇၊ ၀၉–၇၉၅၁၅၂၈၇၀**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၂/ခ ကံဘဲ့၊ မြေကွက်အမှတ်– ၇၊ မြေအမျိုးအစား – နှစ်(၆၀)မြေငှားဂရန်၊ ဧရိယာ– ၀.၃၉၁ ဧကရှိ မြေကွက်အပါအဝင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၅)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသူများဖြစ်သော ဒေါက်တာယုဇနစောမြင့် [၁၂/ရကန(နိုင်)၀၃၀၀၇၃]နှင့် ဦးဇော်ဝင်းမြင့် [၇/ညလပ (နိုင်)၀၀၃၀၀၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ်ပေးချေပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်အဆောက်အဦ အရောင်းအဝယ်ကို ကန့်ကွက်လိုသော အကျိုးသက်ဆိုင်ခွင့်ရှိသူဟုဆိုသူ မည်သူမဆို တရားဝင်တိကျခိုင်မာသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချိုဝေဇင်(LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၉၉/၂၀၁၁)**
**အမှတ်–(၃၃/ဘီ)၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၇၉၀၀၁၉၀၀**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၃၃၆)ပေါ်တွင် ဆောက်လုပ်ထားသော (နှစ်)ခန်းတွဲ(၂)ထပ်တိုက်၏ (ပထမထပ်+ထပ်ခိုး)၊ ဝဲဘက်အခြမ်း၊ ဧရိယာ(၂၀x၆၀)ပေ ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်(ရေ+မီး) အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို အပြီးအပိုင်ဝယ်ယူရန် လက်ရှိတရားဝင် ပိုင်ရှင်ဖြစ်သော ဒေါ်ညိုညိုမ [၁၂/ကတတ(နိုင်)၀၃၁၄၂၀]ကိုင်ဆောင်သူထံ ကျွန်ုပ်တို့၏မိတ်ဆွေများမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွန့်** |
| **BSc, DA, HGP,R.L,DBL,DML,DIL** | **BA, HGP,R.L,DBL,DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁)** |
| **၀၉–၄၂၈၇၇၀၈၂၀** | **၀၉–၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ (၃၉)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**"(၁၆-၁၀-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်ကြူကြူမာနှင့် ဒေါ်ခင်သီတာအောင်တို့က (၂၄-၈-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်မဉ္ဇူအေးသိန်း၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ကန့်ကွက်ကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း ခေါင်းစဉ်ပါ ကြော်ငြာနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်သိရှိနိုင်ရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ အရှေ့မင်းလမ်း၊ အမှတ်(၁၂)နေ ဒေါ်သိန်းဌေး (ဘ) ဦးမောင်ကြွယ်[၁၂/လကန(နိုင်)၀၀၆၇၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ဖြစ်စဉ်အမှန်သိရှိနိုင်ရန် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ အရှေ့မင်းလမ်း၊ အမှတ်(မ - ၁၂) ဟုခေါ်တွင်သော မြေကွက်ဖြစ်သည့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့၊ ပြည်တော်သာရပ်ကွက်၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀.၁၁၈)ဧကအပါအဝင် (၀.၁၆၈)ဧကရှိ မြေကွက်သည် လှည်းကူးမြို့နယ်၊ မြေစာရင်းဦးစီးဌာနတွင် (၅-၈-၁၉၉၂) ရက်နေ့ကတည်းက ဒေါ်သိန်းဌေး အမည်ဖြင့် အခြားနည်းသုံးစွဲခွင့် ရရှိခဲ့သည့် ဒေါ်သိန်းဌေး လက်ရှိနေထိုင်ပိုင်ဆိုင်သည့် ခြံမြေကွက်ဖြစ်ပြီး ကွယ်လွန်သူမိဘများဖြစ်ကြသော ဦးမောင်ကြွယ်+ဒေါ်အမာတို့၏ အမွေကျန်ပစ္စည်းများမဟုတ်ဘဲ အဆိုပါခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံသည်သာ မိဘများဖြစ်ကြသော ဦးမောင်ကြွယ်+ဒေါ်အမာတို့ ဆောက်လုပ်ခဲ့သည့်နေအိမ်အဆောက်အဦ ဖြစ်၍ ဦးမောင်ကြွယ်+ဒေါ်အမာတို့၏ အမွေကျန်ပစ္စည်းဖြစ်ပါသည်။ သို့ရာတွင် မိဘများကွယ်လွန်သွားပြီးနောက် ဦးမောင်ကြွယ်+ ဒေါ်အမာတို့၏ သားများဖြစ်ကြသော ဦးလှသိန်းနှင့် ဦးဝင်းဖေတို့က အမွေဝေစု တောင်းခံလာ၍ အဆိုပါနေအိမ်အဆောက်အဦနှင့်ပတ်သက်ပြီး ညီအစ်ကိုမောင်နှမများအား တန်ဖိုးသင့်၍ အမွေဝေစုခွဲဝေပေးအပ်ရန်အတွက် ဒေါ်သိန်းဌေးက ၎င်းအမည်ပေါက် လက်ရှိနေထိုင်ပိုင်ဆိုင်သည့် ခြံမြေ၏ မျက်နှာစာ(၁၀)ပေနှင့် ရှေ့နောက် မျက်မြင်အခြေအနေအတိုင်း တို့ကို ဦးမျိုးဇော်အား (၁၄၅)သိန်းကျပ်နှင့် ရောင်းချခဲ့ပြီး ဦးလှသိန်း၊ ဦးဝင်းဖေ တို့အပါအဝင် ကျန်ညီအစ်ကို မောင်နှမများအား တစ်ဦးလျှင် သိန်း(၂၀)စီ အညီအမျှ ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်သောကြောင့် အဆိုပါခြံမြေနှင့် ခြံမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တို့မှာလည်း ဒေါ်သိန်းဌေး ပိုင်ဆိုင်သော ခြံမြေနှင့် နေအိမ်ဖြစ်၍ ဒေါ်သိန်းဌေး အမည်ဖြင့်ပင် အဆောက်အဦခွန်များ ထမ်းဆောင်ခဲ့ပြီး လှည်းကူးမြို့နယ်၊ မြေစာရင်းဦးစီးဌာနက (၁၈-၂-၂၀၁၁)ရက်စွဲပါ စာအမှတ်-၁၁၀၄/မအ-န(နပ) ဖြင့် ဒေါ်သိန်းဌေး အမည်သို့ ပြောင်းလဲခွင့်ပြုခဲ့ပြီးဖြစ်သည့် ခြံမြေဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်သိန်းဌေးက မိမိအမည်ပေါက်ပိုင်ဆိုင်လက်ရှိဖြစ်သည့် ခြံမြေနှင့် နေအိမ်အဆောက်အဦတို့အနက် ဒေါ်ခင်ချိုအား ခြံမြေ၏ တစ်ဝက်ဖြစ်သော (၂၀' x ၂၀၂')နှင့် အဆိုပါမြေပေါ်ရှိ နေအိမ်အဆောက်အဦအစိတ်အပိုင်းကိုလည်းကောင်း၊ ဒေါ်မွန်ရည်ဆွေအား ကျန်တစ်ဝက်ဖြစ်သည့် (၂၀' x ၂၀၂')နှင့် အဆိုပါမြေပေါ်ရှိ နေအိမ်အဆောက်အဦအစိတ်အပိုင်းကိုလည်းကောင်း အသီးသီးရောင်းချခဲ့ခြင်းဖြစ်ပြီး ဝယ်ယူသူများ၏ရှေ့နေ ဒေါ်မဉ္ဇူအေးသိန်းက (၂၄-၈-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)တွင် ၎င်းတို့ဝယ်ယူမည့် မြေကွက်အစိတ်အပိုင်း (၂)ကွက်နှင့်ပတ်သက်၍ ရောင်းချသူ ဒေါ်သိန်းဌေးထံ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ၎င်းထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခဲ့သည့်အပြင် အရောင်းအဝယ်ပြုလုပ်သည့် ခြံမြေပေါ်တွင်လည်း ဗီနိုင်းဆိုင်းဘုတ်များ ကပ်ထားခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်ကမျှ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိသောကြောင့် ရောင်းသူနှင့် ဝယ်သူများက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အရောင်းအဝယ်ပြုလုပ်သည့် ခြံမြေနှင့် နေအိမ်အဆောက်အဦတို့သည် ဒေါ်သိန်းဌေး အမည်ပေါက်ပိုင်ဆိုင်လက်ရှိနေထိုင်လျက်ရှိသည့် နေအိမ်ခြံမြေအဆောက်အဦတို့ဖြစ်ပြီး ဖခင် ဦးမောင်ကြွယ်နှင့် ဒေါ်အမာတို့ ကျန်ရစ်ခဲ့သော သားသမီး(၇)ဦးပိုင် အမွေပစ္စည်းမဟုတ်ပါသဖြင့် ဒေါ်သိန်းဌေးက ၎င်းအမည်ပေါက် ပိုင်ဆိုင်သည့် ပစ္စည်းအား တရားဝင်အထောက်အထား စာမှတ်စာတမ်းများဖြင့် ရောင်းချခြင်းအတွက် မည်သူကမျှ ကန့်ကွက်ခွင့်မရှိသဖြင့် ယခုကဲ့သို့ ကန့်ကွက်ခြင်းအပေါ်တွင်လည်း အသိအမှတ်ပြု လိုက်နာဆောင်ရွက်မည်မဟုတ်ပါကြောင်း အများပြည်သူသိရှိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စုမွန်နွေးနွေး ( LL.M)** | **ဒေါ်တင်ဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၄၉၉)** | **(စဉ်-၁၅၄၂၆)** |
| **ရန်ကင်း(၁)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** | **ဇရပ်ကွင်းကျေးရွာ၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။** |
| **ဖုန်း-၀၉-၄၀၀၄၀၀၈၉၈** | **ဖုန်း-၀၉-၄၀၀၉၁၉၁၃၈** |

**ဒေါ်အိသိမ့်သိမ့်ကျော် (LL.B, Q)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၁၄)**
**အမှတ် (၁၈၄)၊ ၁/ရ (၄)လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၈၉၄၀၄၉၉၅**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သတ္တုတွင်းဦးစီးဌာန**
**(ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ သိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးရန်နှိုးဆော်ခြင်း)**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များသည် **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့** တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ရေနံနည်းဥပဒေ (၁၁၉) အရ သက်တမ်းကုန်ဆုံးသောနေ့ရက်မတိုင်မီ နှစ်လကြိုတင်၍ နောင်လာမည့်နှစ်အတွက် သက်တမ်းတိုးမြှင့် လျှောက်ထားရန်လိုအပ်ပါသည်။

၂။ ရေနံနှင့် ရေနံထွက်ပစ္စည်းသိုလှောင်ခွင့်လိုင်စင်များ သက်တမ်းတိုးမြှင့်မှုကို **၁-၁၁-၂၀၂၄** ရက်နေ့မှ **၃၁-၁၂-၂၀၂၄** ရက်နေ့အတွင်း လျှောက်ထားကြရန်နှင့် ပျက်ကွက်သည့် သိုလှောင်ခွင့်လိုင်စင်များအတွက် ရက်လွန်ဒဏ်ကြေးအဖြစ် **၁-၁-၂၀၂၅** ရက်နေ့မှစတင်၍ တစ်ရက်လျှင် သိုလှောင်ခွင့်လိုင်စင်ကြေး၏ **(၂-ရာခိုင်နှုန်း)** ပေးဆောင်ရမည်ဖြစ်ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ်-၀၃၇/၂၀၂၃ အရ သိုလှောင်ခွင့်လိုင်စင်အား သက်တမ်းကုန်ဆုံးပြီးချိန်နောက်ပိုင်း သက်တမ်းတိုးတင်ပြရန် (၁)နှစ်ပျက်ကွက်ပါက အဆိုပါလိုင်စင်သည် အလိုအလျောက်ပျက်ပြယ်ပြီး စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

၃။ သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြသွားရန်ဖြစ်ကြောင်း နှိုးဆော်အပ်ပါသည်-

(က) သက်တမ်းတိုးလျှောက်လွှာ၊
(ခ) ဤဦးစီးဌာနမှ ထုတ်ပေးထားသော သိုလှောင်ခွင့်လိုင်စင်(မူရင်း)၊
(ဂ) ဤဦးစီးဌာနမှ နောက်ဆုံး ကွင်းဆင်းစစ်ဆေးခဲ့သည့် ကွင်းဆင်းစစ်ဆေးချက်မှတ်တမ်း (မိတ္တူ)၊
(ဃ) စက်သုံးဆီအရောင်းဆိုင်နှင့် သိုလှောင်ကန်/သိုလှောင်ရုံများ၏ လက်ရှိအခြေအနေအတိုင်း ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ။

**သတ္တုတွင်းဦးစီးဌာန၊**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၁၉)၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၉၃၇၆**

**ဒေါ်ကျင်စိန် (ဘ-ဦးမောင်ညွန့်)**
**(ISN-၂၃၆၆၈၁) ကိုင်ဆောင်သူ သိရှိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိ(၆)လမ်း၊ အမှတ်(၃၁၂) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၃၁၂)၊ အကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ) ရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက် ဒေါ်ကျင်စိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် (၁) ဦးကျော်ဆန်းဝင်း [၈/မထန(နိုင်)၀၀၂၀၃၂]၊ (၂) ဒေါ်သဇင်ထက်ဦး [၁၀/ခဆန(နိုင်)၁၂၀၇၃၈]၊ (၃) ဒေါ်နန်းလှိုင်လှိုင်အေး [၉/မကန(နိုင်)၁၅၈၂၇၄] တို့မှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် (၃-၉-၂၀၂၁) ရက်နေ့ကတည်းကပင် ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများမှ အဆိုပါမြေကွက်ကို တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ရန်လိုအပ်လာပါသဖြင့် လူကြီးမင်းမှ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်တွင် လူကြီးမင်းမှ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၂.l၊မြေကွက်အမှတ် V.၇၅၊ဧရိယာ(၀.၀၃၄)ဧက၊မြေကွက်တည်နေရာအမှတ်(၉၁)၊(၉၂)လမ်း၊ ကန်တော်ကလေးအရှေ့ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ဒေါ်ခင်နှင်းကြည်အမည်ပေါက်နှစ်(၉၀)မြေငှားဂရန်(သက်ကုန်)မြေအားဦးဂျိုးဇက်မှတရားလိုပြုလုပ်၍ဒေါ်ခင်နှင်းကြည်၊ဦးအေးဝင်း၊ဦးလှဝင်းတို့အားတရားပြိုင်ထားကာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၏တရားမကြီးမှုအမှတ်-၁/၂၀၁၅ဖြင့်ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခြင်းအပေါ်အနိုင်ဒီကရီချမှတ်သည့်၂၇-၁၁-၂၀၁၅ရက်စွဲပါစီရင်ချက်၊ဗိုလ်တထောင်ခရိုင်တရားရုံး၏တရားမဇာရီမှုအမှတ်-၁၄၂/၂၀၂၂ဖြင့်ဘီးလစ်ခန့်အပ်ကြောင်းအမိန့်ချမှတ်သည့်(၂၅-၆-၂၀၂၄)ရက်စွဲပါတရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်နှင့်ထုံးပုံကျအပြီးသတ်အမိန့်၊ဗိုလ်တထောင်ခရိုင်တရားရုံးမှ(၂-၇-၂၀၂၄)ရက်စွဲပါစာဖြင့်တရားရုံးကိုယ်စားမှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းဆောင်ရွက်နိုင်ရန်အတွက်ဒုတိယဦးစီးမှူးဒေါ်အင်ကြင်းဆွေ(၁၂/ဗဟန(နိုင်)၁၀၁၀၂၁)အားခန့်အပ်ကြောင်းဌာနသို့အကြောင်းကြားစာ၊နှစ်(၆၀)မြေငှားဂရန်မူရင်းမှာနာဂစ်မုန်တိုင်းအခြေအနေကြောင့်မိမိ၏လက်ဝယ်တွင်ပျောက်ဆုံးသွားခဲ့ကြောင်း၊ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏၂၀၁၅ခုနှစ်တရားမကြီးမှုအမှတ်-၁တွင်လည်းထွက်ဆိုခဲ့သည်မှာမှန်ကန်ပါကြောင်းနှင့်အဆိုပါနှစ်(၆၀)မြေငှားဂရန်မူရင်းအားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကမိမိကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းတရားနိုင်ဦးဂျိုးဇက်(၁၂/မဂတ(နိုင်)၀၇၃၃၉၄)မှကျိန်ဆိုထားသည့်တရားရုံးကတိသစ္စာပြုလွှာ၊ဂရန်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်းထောက်ခံချက်ပေးပါရန်လျှောက်ထားမှုအပေါ်သိရှိကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ဝန်ခံချက်နှင့်နိုင်ငံသားစိစစ်ရေးကတ်တို့အားတင်ပြ၍တရားရုံးများကိုယ်စားဒုတိယဦးစီးမှူးဒေါ်အင်ကြင်းဆွေမှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ






**တင်ဒါခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဖောင်ဆိပ်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း (၂၀ နှင့် ၂၀၀) ကြားနှင့် ကျပ်သန်း (၂၀၀) အထက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများနှင့် ငှားရမ်းခများအတွက် တင်ဒါခေါ်ယူခြင်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ဝယ်ယူမည့်လုပ်ငန်းသုံးပစ္စည်းများ**

| စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀-၂၀၀)ကြား | စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀-၂၀၀)ကြား | စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀၀) အထက် |
|---|---|---|---|---|---|
| ၁။ | 10 mm Ø MS Rod | ၅။ | ဘိလပ်မြေ | ၁။ | Geotextile (16kN) |
| ၂။ | 5 mm Ø MS Rod | ၆။ | မျှင်ဝါး | ၂။ | Geotextile (Wooven) |
| ၃။ | 6.5 mm Ø Steel Cable ထိန်းကြိုး | ၇။ | ကျစ်ကြိုးသေး | ၃။ | (4.5'x3') Geo Bag |
| | | ၈။ | ဒီဇယ်ဆီ | ၄။ | (4mx2mx0.8m) Geo Bag |
| ၄။ | 4" x 2" Hollow Pipe | | | ၅။ | (2mx2mx0.5m) Geo Bag |
| | | | | ၆။ | မြစ်သဲ |

၂။ တင်ဒါပုံစံရောင်းချခြင်း - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၂၁-၁၀-၂၀၂၄)(ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၃-၁၁-၂၀၂၄) / (၁၅:၃၀) နာရီ
တင်ဒါဖွင့်လှစ်မည့်ရက် - (၆-၁၁-၂၀၂၄)

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း-၀၉-၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာအုပ်စု၊ အနောက်ပိုင်းတက္ကသိုလ်လမ်းဘေး၊ ကွင်းအမှတ်-၃၀၀/အေ၊ ကုန်းရွာကွင်း၊ ဦးပိုင်အမှတ်-၁၁/က၊ ဧရိယာ(၇. ၉၃)ဧကရှိ ဒေါ်သီတာစန်းအမည်ပေါက်မြေကွက်နှင့် ဦးပိုင်အမှတ်-၉/ခ၊ ဧရိယာ(၆. ၄၆)ဧကရှိ ဒေါ်ခင်နှင်းဝေအမည်ပေါက်မြေကွက်၊ လယ်မြေအမျိုးအစားမြေကွက်များပေါ်တွင် တန်ဖိုးနည်းအိမ်ယာမြေလျှောက်ထားချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် မြေကွက်များအနက် မြေတစ်ကွက်လျှင် (၂၀ ပေ × ၁၀၀ ပေ)အကျယ်အဝန်းရှိ မြေကွက်အမှတ်(၁၃၄၊၁၃၅၊၁၃၆၊၁၃၇) မြေ(၄)ကွက်နှင့် (၂၀ ပေ × ၆၀ ပေ)အကျယ်အဝန်းရှိ မြေကွက်အမှတ်(၁၄၈၊ ၁၄၉၊၁၅၀၊၁၅၁) မြေကွက်(၄)ကွက်၊ စုစုပေါင်းမြေကွက်(၈)ကွက်နှင့် ယင်းမြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးကံထွန်း(၁၄/မအပ(နိုင်)၁၈၅၃၀၃)က ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ချမ်းအေး(၁၂/လမတ(ဧည့်)၀၀၀၉၄၆)မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ယင်းမြေကွက် များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ညို၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်နှင်းနန္ဒာသိန်း (LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)
အမှတ်(၉၇)၊ ၃+၄လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း (သို့) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများ နှင့်အတူ ၂၃-၉-၂၀၂၄ ရက်နေ့မှ ၆-၁၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက် လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလ အတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံ လစာ (၁၅၀၀၀၀)ကျပ်နှင့် စရိတ်များ ခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရုံး/ဝန်ထမ်း တပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက် ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့ တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ဒေါ်အေးမြင့်
## အသက်(၈၀)နှစ်

မော်လမြိုင်မြို့နေ (ဦးပန်းလှ-ဒေါ်အေးမြိုင်)၊ (ဦးမောင်ငယ်-ဒေါ်ပုလဲသီ)တို့၏သမီး၊ (ဦးငွေမြင့်)၏ဇနီး၊ ဦးကျော်စိုး-ဒေါ်ခင်ခင်ညို၊ ဦးဇေယျာအေး-ဒေါ်သန္တာ၊ ဦးဝင်းထိုက်-ဒေါ်ဖြူဖြူခင်၊ ဦးအောင်စိုး-ဒေါ်နွယ်နီမြင့်သိန်း၊ ဦးအောင်နိုင်ဦး၊ ဦးအောင်ကျော်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ရှစ်ယောက်တို့၏ အဘွားဖြစ်သူသည် (၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) ၂၀-၁၀-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၀၀:၅၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၂-၁၀-၂၀၂၄ (အင်္ဂါနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၀-၂၀၂၄ (စနေနေ့) နံနက်တွင် သံဃာတော်အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ရက်လည်ဆွမ်းဆက်ကပ်လှူဒါန်း၍ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၃၇-ရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၇၄၇) နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြော်ငြာခြင်း

(၁၃-၁၀-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၇)တွင် ဦးထက်ဦးလွင် (အထက်တန်းရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်တွင် ဦးသန်းထွန်းအောင် [၁၂/လမန(နိုင်)၀၀၀၄၁၅]ဟု ဖော်ပြခဲ့ခြင်းအစား ၎င်း၏နေရာတွင် ဦးစိုင်းယီခမ်း [၁၂/မရက(နိုင်) ၀၈၃၆၆၂]ဟု ပြင်ဆင်ဖတ်ရှုပါရန်နှင့် ၎င်းမော်တော်ယာဉ်အား အပြီးပိုင်ဝယ်ယူရန်အတွက် ဦးစိုင်းယီခမ်း သို့ ဒုတိယအကြိမ်စရန်ငွေ ပေးချေခဲ့ပြီး (၂၁-၁၀-၂၀၂၄)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထက်ဦးလွင် ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၅၂၆၆၆)**
**အမှတ်-၅၂၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၀၀၂၁၇၀၈**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( - )၊ လူနေရပ်ကွက်အမှတ်(၈၆)၊ မြေကွက်အမှတ်(၃၂၂)၊ မြေကွက်လိပ်စာအမှတ် (၃၂၂)၊ စကားဝါလမ်း၊ ၈၆/ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀. ၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ ဒေါ်တင်နွယ်နွယ်အောင် [၁၃/လရန(နိုင်)၁၀၀၉၀၅] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပိုင်ရောင်းချသူ ဒေါ်သက်ထားမော် [၁၂/သဃက(နိုင်)၁၆၃၅၉၇]မှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပေါင်အနှံမှစ၍ အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမှ လုံးဝကင်းရှင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အိဖြိုးဝေ [၁၂/လသယ(နိုင်)၀၈၉၉၃၁] မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ဟန့်တား ကန့်ကွက်လိုပါက ခိုင်လုံသော မူရင်း စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၇)ရက်အတွင်းကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိဖြိုးဝေ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နီလာဝင်း (LL.B)** | **ဒေါ်ဂျာရိန်အောင်ဘူ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၀)** |

**အမှတ်-၁၀၁၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-778434507, 09-794077590**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဓညဝတီလမ်း၊ အမှတ်(၁၈) တွင် နေထိုင်သူ ဒေါ်ဝေမြတ်ချို (TKA - ၀၇၅၄၉၇) [၁၂/သကတ(နိုင်)၀၁၈၀၂၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၂၈ B2)၊ မြေကွက် အမှတ် (၈၀/၁၄)၊ ပါမစ်မြေ၏ တစ်စိတ်တစ်ဒေသ ဖြစ်သော (၈ ပေ x ၃၀ ပေ)အကျယ်အဝန်းရှိ ပါမစ်မြေအမည်ပေါက် ဒေါ်မြတင်၊ ဦးကျော်ကျော် ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ခဲ့သော မြေချပါမစ် မြေကွက်အနက်မှ ခြေရင်းခြမ်း (၈ပေ x ၃၀ ပေ) မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၁၈)၊ ဓညဝတီလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင် သည့် တစ်ထပ်ခွဲတိုက်ခံသစ်သားအိမ် အဆောက်အဦအပါအဝင် ၎င်းနှင့် ဆက်နွယ်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝေမြတ်ချိုမှ (၉-၃- ၂၀၁၁)နေ့ကတည်းက အပြီး အပိုင်လက်ရောက်ဝယ်ယူနေထိုင်လျက်ရှိပြီး အဆိုပါမြေနှင့်အိမ်နှင့် ပတ်သက်၍ ဒေါ်ဝေမြတ်ချို၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူမျှကျူးကျော်ခြင်း၊ အဆောက် အဦး ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ နှစ် ၆၀ မြေငှားဂရန်လျှောက်ထား ခြင်းများမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းနိုင် B.Sc, H.G.P,D.B.L, D.L.D, D.L**
**(WIPO) (Switzerland) C.B.D.S, P.G.D.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၅၉)**
**(ရုံး)အမှတ်(၁၄၇)၊ ဒုတိယထပ်၊ (၃၅)လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ၂/ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**(အိမ်)အမှတ်(၃၂)၊ သိင်္ဂီ(၁)လမ်းမြောက်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5054857, 09-798202344, 09-447411118**

## ဒေါ်ရီရီနွဲ့
## (ဖားအောက်)
## အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ ခြံအမှတ်-၂၇(က)နေ ဦးမျိုးထွဋ်၏ဇနီး၊ ဦးမျိုးကျော်အောင်-ဒေါ်တင့်တင့်ဝင့်ဖြူ၊ ဒေါ်ဝေဇင်မျိုး-ဦးတင်မျိုးပိုင်တို့၏ မွေးသမိခင်၊ ဦးမြင့်ဆွေ-ဒေါ်ရီရီခင်၊ (ဦးတင်မောင်)-ဒေါ်သိန်းသိန်းဝေ၊ ဦးစောမြင့်-ဒေါ်နုနုရီတို့၏ညီမ၊ ဒေါ်လှလှငွေ၊ ဦးရန်မျိုးကျော်-ဒေါ်ရီရီငွေ (အင်္ဂလန်)၊ ဦးကျော်မြင့်-ဒေါ်သဲမြစန္ဒာ၊ ဦးငွေးဝင်း-ဒေါ်နော်စေးမူတို့၏ အစ်မ၊ မောင်ပိုင်ဒီရ၊ မယွန်းနဒီအောင်တို့၏ဘွားဘွားကြီးသည် ၂၀-၁၀-၂၀၂၄ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး နေဆွေမျိုးမိတ်ဆွေ သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၆/A၊မြေကွက်အမှတ်-၁၂၃A၁၊ဧရိယာ(၀.၄၃၀)ဧက၊မြေအမျိုးအစား-မြေပိုင်မြေ၊မြေကွက်တည်နေရာအမှတ်(၆၁)၊ပြည်ထောင်စုရိပ်သာလမ်း၊ပြည်လမ်းအနောက်ရပ်ကွက်၊ဒဂုံမြို့နယ်၊ အမည်ပေါက်မှာဦးလှထွန်း၊ဒေါ်လှမြိုင်ဖြစ်ပြီးဦးလှထွန်းသည်(၁၇-၇-၁၉၇၇) ရက်နေ့နှင့်ဒေါ်လှမြိုင်သည်(၁၂-၁၂-၁၉၈၂)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်၍သားသမီးများဖြစ်ကြသောဒေါ်ရင်ကြည်၊ဒေါ်မြင့်သိန်း၊ဦးသိန်းထွန်း၊ ဒေါ်ခင်ဆွေ၊ဦးခင်ထွန်း(ခ)မောင်မောင်၊ဦးမောင်မောင်ထွန်းတို့(၆)ဦးအနက် ဒေါ်မြင့်သိန်းသည်(၂၅-၇-၂၀၂၁)ရက်နေ့နှင့်ခင်ပွန်းဖြစ်သူဦးတင်ဦးသည် (၃၀-၁၂-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ဒေါ်ခင်ဆွေသည်(၁၂-၁၀-၂၀၀၄)ရက်နေ့နှင့်ခင်ပွန်းဖြစ်သူဦးလှမော်သည်(၆-၈-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊သားဖြစ်သူဦးခင်ထွန်း(ခ)မောင်မောင်သည်လူပျိုကြီးဘဝဖြင့် (၂၇-၂-၁၉၉၇)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်၍မွေးစားသား သမီးမရှိကြောင်းနှင့်၎င်းတို့၏ညီ/ညီမများဖြစ်သောဒေါ်ရင်ကြည်(၁၂/ဒဂန (နိုင်)၀၀၈၄၉၆)၊ဒေါ်ဥမ္မာဦး(၁၂/ဒဂန(နိုင်)၀၂၅၇၅၃)၊ဦးမျိုးမင်းဦး(၁၂/ ဒဂန(နိုင်)၀၀၀၀၅၉)၊ဒေါ်ကေခိုင်မော်(၁၂/စခန(နိုင်)၀၀၁၉၉၅)၊ဒေါ်ကေသီ မော်(၁၂/စခန(နိုင်)၀၄၉၃၈၄)သားသမီးအရင်း(၃)ဦးနှင့်မြေးအရင်းတော်စပ် သူ(၄)ဦးတို့မှအရောင်းအဝယ်စာချုပ်အမှတ်-၁၄၄/၁၉၆၆(၁၇-၃-၁၉၆၆) ဦးလှထွန်း၊ဒေါ်လှမြိုင်အမည်သို့အမှုတွဲမှတ်တမ်းအမှတ်-၂၂၅..../၆၆အရ ပြည်သူ့အိုးအိမ်အဖွဲ့မှအမည်ပေါက်ပြောင်းလဲခြင်းမှတ်တမ်း၊သေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်များ၊အိမ်ထောင်စုစာရင်းများ၊အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ် ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၁)၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၈၀၄/ခ)၏ မြေ အကျယ်အဝန်း(၂၀.၃x ၆၀)ပေရှိ ဦးမြင့်အေး[၁၂/အစန(နိုင်)၀၉၈၁၃၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဂရန်အမည်ပေါက် ပိုင်ရှင်(ဦးမြင့်အေး)၏တရားဝင်ဇနီး ဒေါ်မြင့်ကြည်[၁၂/အစန(နိုင်)၁၃၁၆၀၅] ထံမှကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား များဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B,D.I.L)** | **LL.B,D.B.L,D.I.L,WIPO(Switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ချယ်ရီဥယျာဉ်မြို့တော်အိမ်ရာရှိ (၄)ခန်းတွဲ၊ (၆)ထပ်တိုက်၊ ကွန်ဒိုတိုက်ခန်း၏ Lot-1၊ 4-B၊ တတိယထပ်၊ အကျယ်အဝန်း-ဧရိယာ(၁၆၀၀) စတုရန်းပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရောက်ရရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်သက်ထား[၁၂/ ဥကတ(နိုင်)၀၂၇၄၉၅]မှ ရောင်းချရန်ကမ်းလှမ်း ခဲ့၍ ဦးအောင်နိုင်[၁၂/ဗဟန(နိုင်) ၀၇၅၅၁၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေအချို့အားပေးချေထားပြီး ဖြစ်သဖြင့် အရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄) ရက်အတွင်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ဆက်သွယ်ကာ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည်သာကျော်မီ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၈၃၅**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၇၄၀၄**

## ဦးရဲတင့်
## ဒုတိယ ပါမောက္ခချုပ်(ငြိမ်း)သစ်တောတက္ကသိုလ်
## စစ်တက္ကသိုလ် အပါတ်စဉ်(၁၅)
## အသက်(၇၄)နှစ်

ဟသ်ာတမြို့နေ(ဦးခင်မြင့်-ဒေါ်နှင်းရီ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစိုးမြင့်-ဒေါ်အက်စတာသင်)တို့၏ သားသမက်၊ ဒေါ်ငွေးရီမြင့်၏ခင်ပွန်း၊ ဦးသူရဝင်းထွန်း-ဒေါ်အိသိင်္ဂီတင့်၊ ဦးထက်နောင်တင့်-ဒေါ်မူမူအောင်၊ ဦးသွင်ထူးအောင်-ဒေါ်ဟန်နီရွှေစင်တို့၏ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၁၉-၁၀-၂၀၂၄(စနေနေ့) ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၂၄ရက် ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## တစ်လပြည့်အမျှအတန်းပေးဝေခြင်း
## ဒေါ်ဝင်းမင်းသူ(Shirley Ba Thu)
### ဒု-ကျောင်းအုပ်ကြီး(ငြိမ်း)
### ဟိုတယ်/ခရီးသင်တန်းဌာန၊ Kandawgyi Palace Hotel
## အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ [ဦးဘသူ(ညွှန်ချုပ်၊ ဗဟိုစာရင်းရုံး (ငြိမ်း)-ဒေါ်ခင်ညွန့်)]တို့၏ သမီးကြီးသည် Grand Hantha International Hospital(ICU) တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်ခဲ့သည်မှာ ယနေ့တွင် တစ်လတိတိပြည့်ခဲ့ပါပြီ။ ကွယ်လွန်သူအားရည်စူး၍ သံဃာတော်များအား ဆွမ်း၊ ဝတ္ထုကပ်လှူခြင်း၊ နှင်းဆီကုန်းဘိုးဘွား ရိပ်သာနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ကျပ် (၁၅)သိန်းစီ အသီးသီးလှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ရောက်ရာဘုံဘဝမှ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

အမျှ-အမျှ-အမျှ

**ကျန်ရစ်သူ ညီမ၊ သမီး၊ မြေး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၆၉၊ မြေကွက်အမှတ်-၁၄၈၇၊ ဒေါ်ခင်အေး အမည်ပေါက်သည့် ပါမစ်မြေအမျိုးအစား၊ ဧရိယာ (၄၀ x ၆၀)ပေ အကျယ်ရှိသည့်မြေအနက်မှ မခွဲစိတ်ဖြာရသေးသည့်(၂၀ x ၆၀) ပေအကျယ်ရှိအမှတ်-၁၄၈၇၊ မင်းရဲကောင်းပုံလမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ဟု လိပ်စာတွင်သည့် မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦ (သီးပင်၊ စားပင်)အပါအဝင် လူနေသုံးစွဲ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"ကို ဦးသူရကျော် [၁၂/ဒဂတ(နိုင်)၀၁၀၁၃၈]အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် တစ်ဆင့် ပြန်လည် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ယင်းမြေအိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် ထံပိုင်ဆိုင်မှု စာရွက်စာတမ်း အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာ မရှိခဲ့ပါက ယင်းမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မင်းဦး LLB တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)**
**အမှတ်-၁၅၃၊ (၅-လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၈၆၆၄၀၇၊ ၀၉-၇၈၆၆၃၅၆၉၇**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့်အမည် (၃၉၈/ပဲမိုကုန်းအနောက်)၊ ဦးပိုင်အမှတ်(၄၈/၄၉)၊ အိမ်ရာမြေ(၃/ခ)ရရှိပြီး၊ (၀. ၈၆၈) ဧကရှိ မြေကွက် ကြီးအနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော မင်္ဂလာလမ်းနှင့် ဝါခင်းလမ်း ထောင့်ရှိ ( ၆၆ပေ/၆၀ပေx ၈၆ပေ/၆၀ပေ) အကျယ်အဝန်းရှိသော မြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေကွက်ကို တရားဝင်လက်ဝယ်ထား လက်ရှိပိုင်ဆိုင်လျက်ရှိ၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်ကြသော ဦးသိန်းအောင် [၁၂/အစန(နိုင်)၀၅၇၂၃၄]နှင့် ဒေါ်လှလှမော်[၁၂/အစန(နိုင်)၀၅၃၇၉၇]တို့ထံမှ ဦးရွှေဘုန်းအောင် [၁၂/ကမရ(နိုင်)၀၀၁၃၆၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား မူရင်းများပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးရွှေဘုန်းအောင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံစီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# လေဖိအားနည်းဆဲလ် ဆက်လက်တည်ရှိ


## အောက်တိုဘာ ၂၃ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ နောက် ၂၄ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ✳

ယနေ့ညမှ ၂၄-၁၀-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ






သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# MNL တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် သစ္စာအားမာန်အသင်း အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၂၀

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) ဒုတိယနေ့အဖြစ် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ အောက်တိုဘာ ၂၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ သစ္စာအားမာန်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ●

# ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အရောင်းအဝယ်ကောင်း

မန္တလေး အောက်တိုဘာ ၂၀

သီတင်းကျွတ်ကာလအပြီး မန္တလေးဈေးကွက်အတွင်း၌ ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် မြန်မာထွက်ကုန် ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အရောင်းအဝယ်သွက်ကာ ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**ဈေးကောင်းရရှိ**

မန္တလေးဈေးကွက်အတွင်း ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများအနေဖြင့် V2၊ V7၊ 929၊ ဗမာကုလားပဲများဟူ၍ ရှိကြောင်း၊ ဈေးနှုန်းများအနေဖြင့် V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၂၀၀၀၊ V7 ကုလားပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးများဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

"မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားတွေ အရောင်းအဝယ်သွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ထက်စာရင် တောင်သူတွေ ဈေးကောင်းလည်း ရရှိနေပါတယ်။ ဒီနှစ်က ကုလားပဲအထွက်နှုန်းလည်း **စာမျက်နှာ ၂၂ ကော်လံ ၃ သို့** ❄



မန္တလေးမြို့ရှိ ပဲပွဲရုံတစ်ရုံတွင် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

**အင်ဒိုနီးရှားနိုင်ငံသမ္မတအဖြစ် ပရာဘိုဝို ဆူဘီယန်တို ကျမ်းသစ္စာကျိန်ဆို**
စာမျက်နှာ » ၁၃

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ**
စာမျက်နှာ » ၁၄